# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၃၇)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





**ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း**

နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပဲခူးတိုင်းအတွင်း တည်ဆောက်နေသည့် ရေအားလျှပ်စစ်နှင့် ရေလှောင်တမံစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

## စီမံကိန်းများပြီးစီးသည်နှင့် တစ်ပြေးညီ ဆည်ရေသောက်စနစ်နှင့် ဓာတ်အားဖြန့်ဖြူးမှုပါ ပြီးစီးအောင်ဆောင်ရွက်ရည်မှန်းချက်ပြည့်မြောက်ရေး ပိုမိုကောင်းမွန်မြန်ဆန်ထိရောက်သော နည်းလမ်းများ ရှာကြံလုပ်ကိုင်ရန် မှာကြား



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးမြို့နယ်ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၀ ရက်က လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း**

နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊

*စာမျက်နှာ ၈ ကော်လံ ၁* ❐

**ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း**

**ခပေါင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

# တိုင်းရင်းသား စည်းလုံးညီညွတ်မှု အစဉ်တည်တံ့ခိုင်မြဲရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်နှင့် အမျိုးသားရေး စိတ်ဓာတ်တို့ဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်နိုင်ခဲ့မှုကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေးကို ရယူနိုင်ခဲ့ရာ လွတ်လပ်သော ပြည်ထောင်စုနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်လာနိုင်ခဲ့သည်။

ကိုလိုနီနယ်ချဲ့တို့၏ တိုင်းရင်းသားလူမျိုးများအကြား သွေးခွဲသပ်လျှိုဖန်တီးခဲ့ကြသည့် သမိုင်းကြောင်း ဆိုးမွေများကို နိုင်ငံတော်က ယနေ့ထက်တိုင် ရင်ဆိုင်ဖြေရှင်းနေရဆဲ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒများကို ချမှတ်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ခဲ့သည်။

အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှု ရရှိခဲ့၍ တည်ငြိမ်အေးချမ်းလာသည့်အတွက် နယ်စပ်ဒေသများ အပါအဝင် ကျေးလက်ဒေသများပါ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ချမှတ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ ပါဝင်မှုစွမ်းအားဖြင့် အကောင်အထည် ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် အခွန့်ရှည်စွာ ရပ်တည်နိုင်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်တည်တံ့ခိုင်မြဲနေအောင် နိုင်ငံသူနိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ထိန်းသိမ်းစောင့်ရှောက် သွားကြရမည် ဖြစ်သည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၇မိုင် ကုန်းမြင့်ရိပ်သာလမ်း အမှတ်၉(ဘီ) နေ ဦးကျင်ဟုတ်၊ သမီး မသဇင်လှိုင်တို့အား ရည်စူး၍ ဒေါ်ဌေးဌေးမိသားစုက ဒေါ်ဌေးဌေး၏ မွေးနေ့ အထိမ်းအမှတ်ဘိုးဘွားများအတွက် စတီလ်းခုတင်တစ်လုံးနှင့် သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်ဆယ့်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ပြည်သူလူထုပူးပေါင်းပါဝင်သည့် ကျန်းမာရေးစနစ် အောင်မြင်ရေး ကျန်းမာရေး အသိစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်



ရန်ကုန် ဖေဖော်ဝါရီ ၁၃

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်၌ ဆောင်ရွက်လျက်ရှိသည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။**

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ဖေဖော်ဝါရီ ၁၁ရက် နံနက် ၆နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် လုပ်ငန်း ရှင်းလင်းပွဲသို့ တက်ရောက်ပြီး တိုင်းမှူးက ပြည်သူလူထု ပူးပေါင်းပါဝင်သည့် ကျန်းမာရေးစနစ် အောင်မြင်စေရန်အတွက် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်သူလူထုက ကျန်းမာရေးအသိစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ကြရေး အမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မြို့တော်ဝန်က သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်ကြရမည့် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက တိုင်းအတွင်း လအလိုက်၊ နှစ်အလိုက်၊အသက်အရွယ်အပိုင်းအခြားအလိုက် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်း လျှော့ချနိုင်မှုအခြေအနေ၊ လမ်းမတော်မြို့နယ်အတွင်း ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရောဂါကာကွယ်ရေးအတွက် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် လမ်းမတော်မြို့နယ် အမှတ်(၆)ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်များ၌ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးဖျန်းခြင်း၊ သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို လိုက်လံကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

**ဖေဖော်ဝါရီ၆ရက်က အမှတ်(၁၇) အခြေခံပညာ မူလတန်းလွန်ကျောင်းသဃ်န်းကျွန်း မြို့နယ်၌ ကျင်းပသော ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် စတုတ္ထတန်း ထူးချွန်ပထမဆုရ မဖူးဝေဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရှိန်က ဆုချီးမြှင့်စဉ်။** (ပညာရေး)



# ဟသ်ာတ အထက(၂) အာစရိယ ပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ဟသ်ာတအထက(၂)ကျောင်းသား ကျောင်းသူဟောင်းများက ၁၉၆၆ ခုနှစ် မှစ၍ အာစရိယပူဇော်ပွဲ အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ကြသည်မှာ (၄၁)ကြိမ် ကျင်းပပြီးစီးခဲ့ပြီဖြစ်၍ နှစ်စဉ် ဆက်လက် ကျင်းပသွားနိုင်ရန် ငွေပဒေသာပင် စိုက်ထူလှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗိုလ်တထောင်မြို့နယ် ၄၅လမ်း ဟသ်ာတအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာ မရသော်လည်း တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရ သည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၁၄-၂-၂၀၀၇**
**(ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၆။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅:၂၀ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅:၃၀ | ၈။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၄၀ | ၉။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၂။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆:၃၅ | ၁၄။ | လှုပ်လှုပ်ရှားရှား ပုံရိပ်များ |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သံစဉ်မဲ့မေတ္တာ”**(အပိုင်း-၇) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | English Usage |
| | ၁၉။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေမင်းသမီး”** (ဒုတိယတွဲ) (အပိုင်း-၂၂) |

# ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအဆင့် ဖိုရမ်ကျင်းပ ပတ်ဝန်းကျင်ကိစ္စရပ်များနှင့်ပတ်သက်၍ ရပ်တည်ချက် တင်ပြဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP) အုပ်ချုပ်မှုကောင်စီ၏ (၂၄)ကြိမ်မြောက်အစည်းအဝေးနှင့် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဆင့် ဖိုရမ်သို့တက်ရောက်ပြီး ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းက နေပြည်တော် လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။** (အောက်ပုံ)

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၃၈နိုင်ငံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့် ၆၁ဦး၊ ကုလသမဂ္ဂအဖွဲ့အစည်း ၁၇ ခု၊ ကွန်ဗင်းရှင်း ကိုးခုနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၂၅ ခုမှ စုစုပေါင်း ၇၉၆ ဦး တက်ရောက်ကြသည်။ အစည်းအဝေးသို့ ကင်ညာနိုင်ငံ ဒုတိယ



သမ္မတ H.E. Mr. Moody Awori က တက်ရောက် အမှာစကားပြောကြားဖွင့်လှစ်ပေးသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် ကမ္ဘာ့ရွာ (Globalization) ဖြစ်ပေါ်လာမှုအခြေအနေကြောင့် ပတ်ဝန်းကျင်ရေးရာ အခြေအနေများအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိလာသည်ကို Globalization and Environment ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အစည်းအဝေး ဒုတိယပိုင်းအဖြစ် ကုလသမဂ္ဂ ပြန်လည်ပြင်ဆင် ဖွဲ့စည်းမှု လုပ်ဆောင်ရာတွင် ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များကို မည်သို့ ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း United Nations Reform ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။ ယခုအစည်းအဝေးမှ ဆွေးနွေးရရှိသည့် အချက်များကို လာမည့် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တင်ပြဆွေးနွေးပြီး အတည်ပြုချက်ရယူမည်ဖြစ်သည်။

ဝန်ကြီးသည် ကမ္ဘာ့ရွာ (Globalization) ဖြစ်ပေါ်လာမှုကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေနှင့် ကုလသမဂ္ဂ ပြင်ဆင်ဖွဲ့စည်းရာတွင် ပတ်ဝန်းကျင်ကိစ္စရပ်များနှင့် ပတ်သက်၍ မိမိနိုင်ငံ၏ ရပ်တည်ချက်နှင့် သဘောထားအခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။

**ရှင်းလင်းပြောကြား**

ဝန်ကြီးသည် အစည်းအဝေး တက်ရောက်စဉ်ကာလအတွင်း ဘရာဇီးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး Ms.Marina Silva၊ နိုင်ဂျီးရီးယားနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Alhaji Ikra Aliyu Bilbis၊ ဂါနာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး Hon. Stephen Asamoah-Boatang၊ ကျူးဘားသမ္မတနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Jose A. Diaz Duque၊ မက္ကဆီကိုနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Sr. Fernando Tudela Abad၊ တောင်အာဖရိကသမ္မတနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. Rejoice Mabudifhasi နှင့် ဗင်နီဇွဲလားနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Miguel Rodriguez တို့နှင့် တွေ့ဆုံ၍ မိမိနိုင်ငံ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခြင်းနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ရေးတို့အတွက် ဆွေးနွေးခဲ့သည်။

**ဆက်ဆံမှုတိုးတက်ရေး**

ဝန်ကြီးသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ကင်ညာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သီးသန့်သွားရောက်ပြီး ဒုတိယဝန်ကြီး H.E. Mr. Moses Wetangula နှင့် တွေ့ဆုံ၍ မိမိနိုင်ငံ ဖြစ်ပေါ်တိုးတက်မှုများနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်သော စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် တွဲဖက် အတွင်းရေးမှူး ဒေါက်တာစန်းဝင်းတို့လည်း ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သဘင်ငြိမ်းချမ်း သည်အောင်ပန်း

* ကရင်အမျိုးသား၊ စည်းရုံးအားနှင့်၊
အမျိုးသားလွတ်မြောက်ရေး၊ ညီနောင်သွေးတို့၊
နွေးထွေးပျူငှာ၊ ဝင်ရောက်လာ၍၊
မဟာအောင်ပွဲ၊ ခြိမ့်ခြိမ့်သဲကို၊
တူနွဲယှဉ်ပြိုင်၊ သည်မှတ်တိုင်သည်၊
မဏ္ဍိုင်မော်ကွန်းတင်မည်တည်း။

* တိုက်ပွဲကင်းစင်၊ ငြိမ်းချမ်းချင်၍၊
ဝင်ရောက်လာခြင်း၊ ရှင်းလင်းပြောကြား၊
သူ့စကားသည်၊ ရိုးသားမှန်ကန်ပါပေသည်။

* ငြိမ်းချမ်းသာယာ၊ ခါခါတောင့်တ၊
လိုချင်ကြလည်း၊ ပယောဂကြောင့်၊
မရခဲ့တာ၊ ကြာတောင့်ကြာခဲ့၊
ခုခါကြုံရ၊ ငြိမ်းချမ်းလှပ၊
ဒေသခံတို့၊ တုံ့ပြန်ပြောကြား၊
သည်စကားသည်၊ သည်းကြားခိုက်မျှ ကြည်နူးရ။

* တပ်မတော်ပြည်သူ၊ ကြည်ဖြူလက်ကမ်း၊
ငြိမ်းချမ်းလက်ဆောင်၊ ပျိုးထောင်ပေးမည်၊
ချစ်ကြည်နွေးထွေး၊ ကတိပေး၍၊
သွေးသားညီကို၊ ပိုမိုချစ်ခင်၊
ပျော်ရွှင်ရွှင်နှင့်၊ သဘင်ငြိမ်းချမ်း၊
သည်အောင်ပန်းကား၊ မှတ်တမ်းကမ္ဘာတည်မည်တည်း။ ။

(ငြိမ်းချမ်းအောင်ပွဲကို ဂုဏ်ပြုလျက်-)

**တက္ကသိုလ်တင်ခ**



## ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Company Limited မှ Vice President, Mr. Makin Petplai နှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြပြီး နေပြည်တော်၌ ရောက်ရှိနေကြသည့် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေရပ်အသီးသီးသို့ ပြည်တွင်းလေကြောင်း၊ မီးရထား၊ မော်တော်ယာဉ်များဖြင့် နေပြည်တော် တည်းခိုရေးစခန်းမှ စတင်၍ ပြန်လည်ထွက်ခွာကြရာ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## အမျိုးသမီးများ၏ ဘဝပုံရိပ်ဝတ္ထုများ အမှတ်(၁)၊ (၂)၊ (၃) ထွက်ပြီ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြန်မာအမျိုးသမီး စာရေးဆရာမကြီးများ၏ စိတ်ဝင်စားဖွယ်လက်ရာများကို စုစည်းတင်ပြထားသည့် အမျိုးသမီးများ၏ ဘဝပုံရိပ်ဝတ္ထုများ



အမှတ်(၁)၊ (၂)၊ (၃) ဝတ္ထုတိုပေါင်းချုပ် စာအုပ်များကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးဌာနကြီးက စုစည်းထုတ်ဝေလိုက်သည်။

ဘဝပုံရိပ်ဝတ္ထုများ အမှတ်(၁)တွင် စာရေးဆရာမကြီးများဖြစ်သော မမြတ်လေး၊ စောမုံညင်း၊ ဒေါက်တာမတင်ဝင်း၊ ဂျာနယ်ကျော်မမလေး၊ မဝင်းမြင့်၊မိုးမိုး(အင်းလျား)၊မလေးလုံ၊



မကြွယ်ကြွယ်၊ ကြူကြူသင်း၊ မနှင်းဖွေးနှင့် မိုးငြိမ်းဇေတို့၏ ဝတ္ထုတိုများ ပါဝင်ပြီး ဘဝပုံရိပ်ဝတ္ထုတိုများအမှတ်(၂)တွင် ဂျာနယ်ကျော် မမလေး၊ ငွေတာရီ၊ မမြတ်လေး၊ မစန္ဒာ၊ ယုဝတီသိင်္ဂီမြင့်၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)နှင့် ညိုမင်းဝေတို့၏ ဝတ္ထုတိုများ ပါဝင်ကာ ဘဝပုံရိပ်ဝတ္ထုတိုများ အမှတ်(၃)တွင် နန်းနွယ်နွယ်၊ မိုးမိုး(အင်းလျား)၊ မစန္ဒာ၊ ယဉ်ယဉ်နု(မန္တလေး)၊ ခင်ခင်ထူး၊ မဦးနှင့် ငြိမ်း(ရွှေလီ)တို့၏ ဝတ္ထုတိုများ ပါဝင်သည်။

ဝတ္ထုတိုများသည် သားများမိခင်ဥယျာဉ်မှူးကောင်းတို့၏ နည်းယူ



ဖွယ်ရာ အရည်အသွေးထက်မြက်မှု အဖုံဖုံကို ရသစုံစွာ၊ ရှုထောင့်စုံစွာ တင်ပြထားသည်။

**ဝယ်ယူနိုင်**

ယင်းစာအုပ်များကို စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့နှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင် သိမ်ဖြူလမ်း ရန်ကုန်မြို့တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကင်ဆာရောဂါ တိုက်ဖျက်နိုင်မည့် ဘက်တီးရီးယားပိုးတစ်မျိုး
## သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

လန်ဒန် ဖေဖော်ဝါရီ ၁၃

**သွေးမလျှောက်သဖြင့် ခန္ဓာကိုယ်တစ်ရှူးများ ပုပ်ပွပျက်စီးမှု၊ မေးခိုင်ရောဂါနှင့် အစာအဆိပ်သင့်စေမှုကို ဟန့်တားနိုင်သည့် အင်းဆက်ပိုးကောင်ကလေးများနှင့် နီးကပ်စွာ ဆက်သွယ်မှုရှိသော ဘက်တီးရီးယားပိုးတစ်မျိုးက ကင်ဆာရောဂါ တိုက်ဖျက်ရေးတွင် သိပ္ပံပညာရှင်များအတွက် အထောက်အကူပြုသည်ဟု ဆိုသည်။**



ကလော့စထရီ ဒီယမ်ပိုးတို့ကို အကျိတ်တွင်းသို့တိုက်ရိုက်ထိုးသွင်းခြင်းဖြင့် ကင်ဆာရောဂါကို ကုသနိုင်မည့် ပိုးတစ်မျိုးကို အမေရိကန်သိပ္ပံပညာရှင်တစ်စုက ရှာဖွေတွေ့ရှိခဲ့သည်။

ကြွက်များကို စောစောပိုင်းက စမ်းသပ်ကြည့်ရှုရာတွင် ကင်ဆာရောဂါ တိုက်ဖျက်ရေးအတွက် အားရစရာဖြစ်ကြောင်း တွေ့ရသည်ဟု သိပ္ပံမဂ္ဂဇင်းတွင် ဖော်ပြထားသည်။

ဤနည်းဖြင့် ကင်ဆာရောဂါအမျိုးမျိုးကို ကုစားနိုင်မည်ဟု သိပ္ပံပညာရှင်များက ယုံကြည်နေကြသည်။ သူတို့အသုံးပြုသည့် မဟာဗျူဟာမှာ ကင်ဆာအကျိတ်များ ကလော့စထရီ ဒီယမ်ပိုးများဖြင့် ခွဲထုတ်သည့်နည်းကို အသုံးချခြင်းဖြစ်သည်။

**(အင်တာနက်)**




**ကင်ဆာရောဂါ ဖြစ်ပွားမှုကို တိုက်ဖျက်နိုင်သည့် ကလော့စထရီ ဒီယမ် ဘက်တီးရီးယားပိုးကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အယ်လ်ဂျီးရီးယား၌ ကမ္ဘာလှည့်ခရီးသွားများမှ ရှေးဟောင်းပစ္စည်းများ သိမ်းဆည်းရမိ

အယ်လ်ဂျီးရာစ် ဖေဖော်ဝါရီ ၁၃

**အယ်လ်ဂျီးရီးယားနိုင်ငံ ဆာဟာရသဲကန္တာရဒေသသို့ ပြီးခဲ့သည့်လက အလည်အပတ်ခရီး လာရောက်ခဲ့ကြသော ကမ္ဘာလှည့်ခရီးသွားများထံမှ ပြည်ပသို့ မှောင်ခိုထုတ်ယူသွားမည့် ရှေးဟောင်းအနုပညာလက်ရာအမျိုးအစားပေါင်း၂၅၀ကို အယ်လ်ဂျီးရီးယား အာဏာပိုင်များ သိမ်းဆည်းခဲ့ကြောင်း အယ်လ်ဂျီးရီးယား အစိုးရ သတင်းစာတစ်စောင်က ဖေဖော်ဝါရီ ၁၀ ရက်၌ သတင်းဖော်ပြသည်။**

အဆိုပါသတင်းစာ အီလ်မွတ်ဂျာဟစ်က သတင်းဖော်ပြရာတွင် ရှေးဟောင်းပစ္စည်းများ မှောင်ခိုထုတ်ယူရန် ကြိုးစားခဲ့သည့် နိုင်ငံခြားသား ခရီးသွားများ၏ အမည်စာရင်းကို ဖော်ပြခြင်းမရှိချေ။

### တွေ့ရှိ

အယ်လ်ဂျီးရီးယားနိုင်ငံမြို့တော် အယ်လ်ဂျီးရာစ်တောင်ဘက် လေဆိပ်တစ်ခု၌ လေဆိပ်အကောက်ခွန်ဝန်ထမ်းများက ခရီးသွားဧည့်သည်များ၏ အိတ်များကို ရှာဖွေရာမှ ယခုကဲ့သို့ တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

ပြီးခဲ့သည့်နှစ်ကလည်း အဆိုပါဒေသသို့လာရောက်လည်ပတ်ခဲ့ကြသော ခရီးသွားများထံမှ ရှေးဟောင်းလက်ရာပစ္စည်း ၃၂၀၀ကို ပြန်လည်သိမ်းဆည်းခဲ့ရသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

# ဆေးဝါး မှားယွင်းသုံးစွဲမှု အမေရိကန်၌ များပြား

**နယူးယောက် ဖေဖော်ဝါရီ ၁၃**

ဆေးအညွှန်း မှားယွင်းမှု ဖြစ်ရပ်များကြောင့် သေဆုံးရမှုများသည် အမေရိကန်နိုင်ငံတွင် ၁၉၉၉ ခုနှစ်နှင့် ၂၀၀၄ ခုနှစ် အကြား ၆၈ ရာခိုင်နှုန်း အထိ တိုးမြင့်ခဲ့ရာ မော်တော်ယာဉ်မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးရမှုပြီးလျှင် ဒုတိယသေဆုံးမှု အများဆုံးဖြစ်လာကြောင်းအမေရိကန်နိုင်ငံရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနမှ ဖော်ပြသည်။

အမေရိကန်နိုင်ငံတွင် ၁၉၉၉ ခုနှစ်၌ဆေးဝါးအဆိပ်အတောက်ဖြစ်မှုကြောင့် သေဆုံးသူများမှာ လူတစ်သိန်းလျှင် ၄ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၇ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း ဖော်ပြထားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

# အမေရိကန်၏ အရှေ့အလယ်ပိုင်းဆိုင်ရာမူဝါဒ ဒေသအတွင်း တည်ငြိမ်မှုကို ပျက်ပြားစေဟုဆို

မြူးနစ် ဖေဖော်ဝါရီ ၁၃

**အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်မူဝါဒသဘောထားမှာ ဒေသအတွင်း တည်ငြိမ်မှုကိုပျက်ပြားစေကြောင်းဖြင့် အီရန်နျူကလီးယား စေ့စပ်ရေးမှူးနှင့် အီရန်အမျိုးသားလုံခြုံရေးဦးစီးကောင်စီ အတွင်းရေးမှူး လာရီဂျာနီက ဖေဖော်ဝါရီ ၁၀ ရက်၌ ပြောကြားလိုက်သည်။**

ရုရှားသမ္မတပူတင် ဝေဖန်သကဲ့သို့ပင် လာရီဂျာနီက ဂျာမနီနိုင်ငံတောင်ပိုင်း ထိပ်တန်းလုံခြုံရေးနှင့် ကာကွယ်ရေးအရာရှိကြီးများ နှစ်ပတ်လည် အစည်းအဝေးတွင် အထက်ပါအတိုင်း ဝေဖန်ပြောကြားခြင်းဖြစ်သည်။

### ထပ်မံစေလွှတ်

အမေရိကန်၏ ဝိုင်းပယ်ရေးနှင့် အရေးယူ ပိတ်ပင်ရေးမူဝါဒက အရှေ့အလယ်ပိုင်းဒေသအတွင်း မတည်မငြိမ်ဖြစ်စေကြောင်း၊ အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များရှိနေပြီး နောက်ထပ်စေလွှတ်ဦးမည်ဖြစ်ကြောင်း ကြေညာထားသည့်အတွက် အကြမ်းဖက်သမားများအနေဖြင့် အီရတ်နိုင်ငံအတွင်းသူတို့ရောက်နေခြင်းမှာ တရားမျှတပါသည်ဟူ၍ ပြောဆိုသွားကြောင်း၊ ထို့ကြောင့် ဤကြည့်တတ်ကင်းလျှောက် အနိဋ္ဌာရုံမှ မိမိတို့ မည်သို့ထွက်ရမည်ကိုပင် မသိတော့ကြောင်း လာရီဂျာနီက ပြောကြားလိုက်သည်။

### ဝေဖန်ပြောကြား

မိမိတို့ဒေသအတွင်း တစ်စုံတစ်ရာ မတည်မငြိမ်ဖြစ်လာလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်လာတတ်ကြောင်း ၎င်းကပြောကြားလိုက်ပြီးနောက် ၁၉၅၃ခုနှစ်က အီရန်သမ္မတမိုဟာမက် ဟော့ဆာဒက်အား ဖယ်ရှားသည့် စီအိုင်အေ ဦးစီးသော အာဏာသိမ်းမှု၊ ၁၉၇၉ခုနှစ်က အစ္စလမ်တော်လှန်ရေး ဆင်နွှဲသည်အထိ ရှားဘုရင်ကို အားပေးအားမြှောက်မှုတို့ကိုထောက်ပြပြီး အမေရိကန်နိုင်ငံအား ဝေဖန်ပြောကြားလိုက်သည်။

**အမ်အင်န်အေ၊ ရိုက်တာ**

# အအေးဒဏ်ကြောင့် မက္ကဆီကို၌ လူ ၉၀ သေဆုံး

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၃**

မက္ကဆီကိုနိုင်ငံတွင် အောက်တိုဘာ ၁၈ရက်က စတင်၍ ရာသီဥတုအအေး ဒဏ်ကြောင့် ပြည်သူ ၉၀ခန့် သေဆုံးခဲ့ရကြောင်း မက္ကဆီကိုနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၁ ရက်၌ ထုတ်ပြန်ကြေညာသည်။

ယင်းသေဆုံးမှုဖြစ်ပွားရခြင်းမှာ ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့များ ပျံ့နှံ့ခြင်း၊ ကိုယ်အပူချိန်အလွန်အမင်းကျဆင်းခြင်းကြောင့် ၎င်းဒေသရှိ နေထိုင်သူများစွာ သေဆုံးခဲ့ရသည်။

မက္ကဆီကိုမြောက်ပိုင်း ချင်ဟူဟူပြည်နယ်၌ ၃၉ဦးသေဆုံးပြီး ကုတ်ဟူလာပြည်နယ်အနီးဝန်းကျင်ဒေသ၌ ၁၃ ဦးနှင့် ဆိုနိုရာပြည်နယ်မြောက်ပိုင်း၌ ၁၁ဦး သေဆုံးကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

# အာဖဂန်၌ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

**ကဘူး ဖေဖော်ဝါရီ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘတ်ပြည်နယ်တွင် ပုံမှန်ကင်းလှည့်မှုပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၁ ရက်က ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

အသေးစိတ်ဖော်ပြထားခြင်း မရှိသော်လည်း ထိုသို့ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ရမှုကို အမေရိကန် စစ်ဘက်က အတည်ပြုခဲ့သည်။ ယခုဖြစ်ပွားသည့်နေရာမှာ ဥဇဘက်နှင့် အာဖဂန်နစ္စတန်နယ်စပ်အနီး၌ ဖြစ်သည်။

### ပိုမိုများပြား

အာဖဂန်နစ္စတန်တွင် အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရမှုမှာ ပြီးခဲ့သည့်လက အရေအတွက်အများဆုံးဖြစ်ကြောင်း၊ တိုက်ခိုက်ခံရမှုများ ပိုမိုများပြားလာကြောင်း သိရသည်။

### တိုက်ခိုက်ခံရ

ပြီးခဲ့သည့် ၂၀၀၆ခုနှစ်က အာဖဂန်နစ္စတန်တွင် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူစုစုပေါင်း ၄၀၀၀ ကျော်ရှိခဲ့ရာ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင် သေဆုံးမှုမှာ အရေအတွက် ၁၇၀ရှိခဲ့ပြီး ကျန်သေဆုံးသူများမှာ အရပ်သားများ ဖြစ်သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား



# ရေခဲများဖြင့် ပြုလုပ်ထားသည့် စားပွဲ

**ရေခဲများဖြင့် ပြုလုပ်ထားသော စားပွဲခုံတစ်ခုကို တွေ့ရစဉ်။** (ဝဲပုံ)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အနီး ပြုံးချန်အရပ်တွင် ရေခဲတုံးကြီးတစ်ခုကို ထုဆစ်ပြီး စားပွဲတင်ခုံတစ်ခု ပြုလုပ်ထားရာ ထိုသို့ပြုလုပ်ခြင်းသည် ယခုဖေဖော်ဝါရီလကုန်တွင် ကျင်းပမည့် ဆောင်းရာသီပွဲတော်အတွက် လှုံ့ဆော်ခြင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# ရေနက်ပိုင်းတွင် ကျက်စားသော ငါးမန်း မျိုးစိတ်သစ်

**ရေနက်ပိုင်းများ၌သာ နေထိုင်ကျက်စားတတ်သော ငါးမန်းမျိုးစိတ်သစ် တစ်ကောင်ကို တွေ့ရစဉ်။** (ယာပုံ)



အဆိုပါ ငါးမန်းဖြူသည် ဂျပန်ကမ်းလွန်ပင်လယ်၏ ရေနက်ပိုင်းများ၌သာ ကျက်စားတတ်ပြီး အရှည် စင်တီမီတာ ၁၃၀ ရှိပြီး အဖြူနှင့် မီးခိုးရောင် ရောစပ်ထားသော အရောင်အဆင်းရှိသည်။ ၎င်းငါးမန်းမျိုးစိတ်သည် ရှားပါးသော ငါးမန်းမျိုးစိတ် ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



● ကျောဖုံးမှ

* တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူချိန်မှစ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့။
* တပ်မတော်၏ မှန်ကန်သည့်စေတနာနှင့် ဖြူစင်သည့်သဘောထားကို သိမြင်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား ငြိမ်းချမ်းရေးရယူခဲ့။
* တပ်မတော်သားများသည် ငြိမ်းချမ်းမှုမရှိသည့်အတွက် အခက်အခဲမှ ချို့တဲ့နေကြသည့် တိုင်းရင်းသားပြည်သူများ၏ဘဝကို ကိုယ်တွေ့မျက်မြင်သိရှိပြီး ကိုယ်ချင်းစာတရား ကြီးမားခဲ့။
* နိုင်ငံတော်၏တာဝန်ကို တပ်မတော်ကရယူစဉ်အခိုက်၌ ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသများအား အစွမ်းကုန် မြှင့်တင်ပေးလိုသော်လည်း ငြိမ်းချမ်းရေးရယူလာကြသည့် အဖွဲ့အစည်းများ၏ ဒေသများမှာသာ ဆောင်ရွက်နိုင်ခဲ့။
* တပ်မတော်နှင့်လက်တွဲဆောင်ရွက်ခဲ့ကြသည့် အထူးဒေသအသီးသီးသည် နေ့ချင်းညချင်း အရှိန်အဟုန်ဖြင့် ဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာ။
* ငြိမ်းချမ်းရေးအဖွဲ့အသီးသီးမှ ခေါင်းဆောင်များလည်း အမျိုးသားညီလာခံသို့ တက်ရောက်ပြီး ပြည်ထောင်စုကြီး၏ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းတိုင်ပင် ဆွေးနွေးလျက်ရှိနေ။
* ထို့ကြောင့် တပ်မတော်က ငြိမ်းချမ်းရေး ရယူနိုင်ခြင်းမရှိသေးသည့် အဖွဲ့အစည်းအားလုံးကို ဆက်လက်၍ လက်ကမ်းကြိုဆိုခဲ့။
* ယခုကဲ့သို့ KNU / KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ထွေးမောင် ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများ ပြည်တွင်းပြည်ပ ပယောဂနှင့်အနှောင့်အယှက်အဖျက်အဆီးအမျိုးမျိုးကြားမှ ငြိမ်းချမ်းရေးကို မြတ်နိုးတောင့်တနေသည့် ကရင်တိုင်းရင်းသားများ၏ ဆန္ဒနှင့်အညီ ငြိမ်းချမ်းရေးရယူခဲ့ခြင်းကို တပ်မတော်အစိုးရနှင့် ပြည်သူတို့က လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆို ဂုဏ်ယူထိုက်သည့် လုပ်ငန်းတစ်ရပ်ကို ဖော်ဆောင်နိုင်သည့်အတွက် လေးစား။
* ယခုအခါ ဗိုလ်ချုပ်ထွေးမောင်ဦးစီးသည့် KNLA သည် နိုင်ငံတော်၏အင်အားတစ်ရပ်၊ ဒေသခံပြည်သူလူထု အားကိုးလောက်သည့် အင်အားတစ်ရပ် ဖြစ်လာခဲ့ပြီ။
* ဒေသဖွံ့ဖြိုးရေးအတွက်ရော တပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက်ပါ တပ်မတော်အစိုးရနှင့် ပြည်သူတို့က အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးသွားမည်။
* ငြိမ်းချမ်းရေးရယူရန် ကျန်ရှိနေသေးသည့် တပ်ဖွဲ့ဝင်များကိုလည်း အစဉ်လက်ကမ်းကြိုဆို ဖိတ်ခေါ်လျက်ရှိ။

■ ကျောဖုံးမှ

## တက်ရောက်ဂုဏ်ပြုအားပေး

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ တာဝန်ရှိသူများနှင့်အတူ အထူးဖိတ်ကြားထားသောဧည့်သည်တော်များနှင့် အခြားသောငြိမ်းချမ်းရေးရယူခဲ့ကြပြီးဖြစ်သည့် ငြိမ်းချမ်းရေးအဖွဲ့ဝင်များလည်း တက်ရောက်ဂုဏ်ပြု အားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

## ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် နိုင်ငံတော်နှင့်တပ်မတော်က KNU / KNLA ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင် ခေါင်းဆောင်သော တပ်ဖွဲ့ဝင် ၃၀၉ ဦးနှင့် မိသားစုဝင် ၁၁ ဦးတို့အတွက် လက်ဆောင်ပစ္စည်းများ၊ နေထိုင်စားသောက်ရေးအတွက် ဆောက်လုပ်ရေးပစ္စည်းများ၊ လူသုံးကုန်နှင့် စားသောက်ကုန်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

## နှုတ်ခွန်းဆက်စကားပြောကြား

အဆိုပါ ငြိမ်းချမ်းရေးအောင်ပွဲအခမ်းအနား၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက KNU / KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇)တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင် ခေါင်းဆောင်သည့် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

## စေတနာနှင့် ဆန္ဒသဘောထား ပေါ်လွင်ထင်ရှား

အဆိုပါ ကြိုဆိုနှုတ်ခွန်းဆက်စကားတွင် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ တိုင်းရင်းသားပြည်သူများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအပေါ်ထားရှိသော စေတနာနှင့် ဆန္ဒသဘောထားကို ပေါ်လွင်ထင်ရှားစွာတွေ့ရှိနိုင်သဖြင့် ပူးတွဲပါအတိုင်း ဖော်ပြလိုက်ပါသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့)**
**၁၄-၂-၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၀ | ၅။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၈:၀၀ | ၆။ | အရေးပြိုင်ပွဲ |
| ၈:၁၀ | ၇။ | ဂမုန်းရေလှောင်တမံ |
| ၈:၂၀ | ၈။ | တေးဂီတအစီအစဉ် |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ) |
| ၁၆:၄၅ | ၄။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၁၆:၅၅ | ၅။ | မြန်မာစာမြန်မာစကား |
| ၁၇:၁၀ | ၆။ | **"အနိုင်အရှုံး"** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ) |
| ၁၇:၁၅ | ၇။ | သီချင်းကြီးပဒေသာ |
| ၁၇:၂၅ | ၈။ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၇:၃၅ | ၉။ | ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင် |
| ၁၈:၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၂။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၁၉:၀၀ | ၁၃။ | Discovery |
| ၁၉:၁၀ | ၁၄။ | **"အသက်ကလေးရယ်တဲ့ ရှည်စေလို"** ဦးအောင်လွင်၊ ဦးကြည်စိုး၊ မေထွင့်ခေါင် (ဒါရိုက်တာ-ကြည်စိုး) |
| ၁၉:၂၅ | ၁၅။ | တေးဂီတအစီအစဉ် |
| ၁၉:၃၅ | ၁၆။ | ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ |
| ၁၉:၄၅ | ၁၇။ | ဘာသာစကားသင်ကြား လေ့လာတက္ကသိုလ်မှ (အပိုင်း-၂) |
| ၂၀:၀၀ | ၁၈။ | ပြည်တွင်းသတင်း |
| | ၁၉။ | နိုင်ငံတကာသတင်းများ |
| | ၂၀။ | မိုးလေဝသအခြေအနေ |
| | ၂၁။ | **ရသစုံလင် ပြုံးပျော်ရွှင် မြန်မာ့ရုပ်မြင်အစီအစဉ်** ခန့်စည်သူ၊ ချောရတနာ၊ ရတနာ၊ ဖြိုးဖြိုး၊ လုလု၊ ကျော်ထူး၊ ဟန်နီထွန်း၊ မင်းခ၊ ဇေယျာ၊ ရက်တယ်၊ နေယံ |
| | ၂၂။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၃။ | အစီအစဉ်ပြီး၏။ |

# မျှော်စင်ကျွန်းမှစိန်ခေါ်သံ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ သူရရဲအောင်နှင့် တက်လူ တွေ့မရှောင်တို့ ဆုံတွေ့

**သတင်းမိတ်ဆက်**
**ကိုထွေး ရေးသည်**

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ T&T Groupက တာဝန်ယူကျင်းပသော မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၂) မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်(စနေနေ့) ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကရဝိက် ဥယျာဉ်ကမ္ဘာ(မျှော်စင်ကျွန်း)၌ ကျင်းပမည်ဖြစ်သည်။**

မျှော်စင်ကျွန်းမှစိန်ခေါ်သံ(၂)တွင် ထိပ်တန်းရိုးရာလက်ဝှေ့ကျော်များ၏ ငါးချီစိန်ခေါ်ပွဲ ခြောက်ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ရွှေခါးပတ် ချန်ပီယံ သူရရဲအောင်(မြန်မာပြည်သား) နှင့် တက်လူလက်ဝှေ့ကျော် (KLN)တို့ပွဲစဉ်မှာ ပရိသတ်အကြိုက်တွေ့မည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။

### သူရရဲအောင်

ပထမတန်းလက်ဝှေ့ကျော် ကျားသစ်ရဲအောင်၏ သား၊ ပထမတန်း လက်ဝှေ့ကျော် အောင်အောင်ထွန်း၏ ညီဖြစ်သည်။ သူရရဲအောင်(မြန်မာ



**သူရရဲအောင်**

**မျှော်စင်ကျွန်းမှ စိန်ခေါ်သံ (၂) ရိုးရာ လက်ဝှေ့ပွဲ၌ တွေ့မရှောင် (KLN) နှင့် ယှဉ်ပြိုင် ထိုးသတ်မည့် သူရရဲအောင်(မြန်မာပြည်သား) ၏ လက်ရည်ဟန်။**

ပြည်သား)သည် ငယ်စဉ်ကပင် မြန်မာ့ရိုးရာလက်ဝှေ့လောက၌ ကျင်လည်ခဲ့သူဖြစ်၍ လက်ဝှေ့ပညာကိုလုံကြွယ်ဝပြီး အတွေ့အကြုံ ရင့်ကျက်သည်။ မန္တလေးမြို့ မဟာဧကရာဇ်ရိုးရာ လက်ဝှေ့အဖွဲ့က မွေးထုတ်ပေးလိုက်သော လက်ဝှေ့ကျော်များထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

ယခုအခါ မြန်မာပြည်သား ရိုးရာလက်ဝှေ့အဖွဲ့နှင့်အတူ ကရင်ပြည်နယ်၊ မွန်ပြည်နယ်ဒေသများ၌ အပွဲပွဲ နွှဲနေသူဖြစ်သည်။ သူရရဲအောင်သည် ၂၀၀၆ခုနှစ် ရွှေခါးပတ်ချန်ပီယံလုပွဲတွင် ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ် ချန်ပီယံဖြစ်ခဲ့သည်။ ပြိုင်ဘက်၏ အားသာချက်၊ အားနည်းချက်ကို လျှပ်တစ်ပြက်အတွင်း သုံးသပ်ရှာဖွေတတ်ပြီး အခွင့်အရေးယူတတ်သည်။ Timming ခေါ်ထိုးရာတွင် ကျွမ်းကျင်သည်။ သူရရဲအောင်သည် ခံစစ်မှ တိုက်စစ်သို့ ကူးပြောင်းရာ၌ သပ်ရပ်လိမ္မာသော Counter Fighter တစ်ယောက်လည်းဖြစ်သည်။

### တွေ့မရှောင်

မွန်တိုင်းရင်းသား လက်ဝှေ့သမားတစ်ဦးဖြစ်သည်။ တနင်္သာရီတိုင်း ထားဝယ်ခရိုင် ပုလောမြို့နယ်တွင် ကြီးပြင်းလာခဲ့သူဖြစ်သည်။ တွေ့မရှောင် (KLN)သည် ဒေသခံရိုးရာ လက်ဝှေ့သမားကြီးများထံမှ ရိုးရာ လက်ဝှေ့ပညာကို အပတ်တကုတ် သင်ကြားရင်း ကြားပွဲများဖြင့် လက်ဝှေ့သမားဘဝကို စတင်ခဲ့သည်။ ဆရာစောအဲလေး(ထားဝယ်)၏ အပ်နှံမှုဖြင့် ပထမတန်းလက်ဝှေ့ကျော် ဆရာရေမြွေ(ခ)ဦးမြင့်ဝေ(မြိတ်)၏ သွန်သင်ညွှန်ကြားမှုများကိုခံယူကာ ပြည်နယ်နှင့်တိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည်။

ယခုအခါ (KLN) ရိုးရာလက်ဝှေ့အဖွဲ့၏ အမာခံလက်ဝှေ့ကျော် တစ်ဦးအဖြစ် ကရင်ပြည်နယ်၊ မွန်ပြည်နယ်ပွဲများ၌ အောင်လံဆုများ ရယူခဲ့သည်။ 'တွေ့မရှောင်'ဟူသောနာမည်နှင့်လိုက်အောင် ကြိုးဝိုင်းအတွင်း၌ မရှောင်တမ်းတိုက်စစ်ဆင်တတ်သော Super Fighter တစ်ဦးဖြစ်သည်။

သူရရဲအောင်(မြန်မာပြည်သား)နှင့် တွေ့မရှောင်(KLN)တို့သည် ယခင်က လက်ဝှေ့ကြိုးဝိုင်းအတွင်း၌ ဆုံတွေ့ခဲ့ဖူးခြင်းမရှိဘဲ ယခု မျှော်စင်ကျွန်းမှစိန်ခေါ်သံ (၂)၌ ပထမဆုံးအကြိမ် ဆုံတွေ့ခြင်းဖြစ်သည်။

ဂျပန်ပြန်စောဗွဲလေး(ထားဝယ်)နှင့် စောဝီလျံသိန်း (မြန်မာပြည်သား)တို့၏ ပွဲစဉ်မှာလည်း မျက်တောင်မခတ်တမ်း ကြည့်ကြရမည့် ပွဲကြမ်းတစ်ပွဲဖြစ်သည်။ နှစ်ဦးစလုံး အတိုက်သမားဖြစ်၍ လက်သီးပေါက်စုံအောင် ထိုးသတ်ကြမည်ဖြစ်သည်။ စောဗွဲလေးက တက်လူပီပီ ငယ်ဂုဏ်နှင့် ဖိထိုးလျှင် စောဝီလျံသိန်းက အတွေ့အကြုံနှင့် ခံနိုင်ရည်ပေါင်းစပ်ပြီး ချက်ကောင်းစောင့်ထိုးမည်ဖြစ်သည်။ စောဗွဲလေး လက်ရည်ပိုသာ၍ သရေဆိုလျှင် စောဝီလျံသိန်း ကျေနပ်သင့်သည့်ပွဲဖြစ်သည်။

ဇန်နဝါရီ ၂၅ရက်နှင့် ၂၆ရက်က တာချီလိတ်မြို့၌ ကျင်းပခဲ့သည့် တာချီလိတ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် စောဗွဲလေးက ဒေါနပန်းကို ဒုတိယ အချီတွင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ မိုက်ခဲနှင့် စောဝီလျံသိန်းတို့ ပွဲစဉ်တွင် မိုက်ခဲက ဒုတိယအချီ၌ အလဲထိုးအနိုင်ယူခဲ့သည်။

### အောင်ပွဲခံ

နိုင်ဝင်း(ဘိလပ်မြေစက်ရုံ)နှင့် တေဇာ(တနင်္သာရီ)တို့ပွဲစဉ်မှာလည်း လုံးတူ ဒေါက်တူ လက်ဝှေ့ကျော်များ ဖြစ်၍ ကြည့်ကောင်းမည်ဖြစ်သည်။ တာချီလိတ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် စိုးထက်ဦး၏ အလဲထိုးခြင်းကိုခံခဲ့ရသော စောသဲမင်း အနေဖြင့် ယခုပွဲ၌ KLNအဖွဲ့ဂုဏ်ကို ပြန်တင်ရမည် ဖြစ်သည်။ လက်ရည်မျှ၍ ခန့်မှန်းရခက်သော ပွဲဖြစ်သည်။

### လက်ခုပ်သံ

ပြည်နယ်နှင့်တိုင်း ငွေတံဆိပ်ဆုရ မိုးသီး(မြန်မာပြည်သား)နှင့် မိုးကြိုး (KLN)တို့ပွဲကလည်း ပရိသတ်ကို တစ်မျိုးတစ်ဖုံဆွဲဆောင်နေသည်။ ပွဲဆက်များပြီး ပရိသတ်လက်ခုပ်သံ ရနေသော မိုးသီးနှင့် မိုးကြိုးပစ်သလို ထိုးတတ်သည့် မိုးကြိုး(KLN)တို့၏ ပွဲမှာ မိုးသီးက အထက်စီးက ရှိနေသည်။ တာချီလိတ် ရိုးရာလက်ဝှေ့ပွဲတွင် မိုးသီး နှစ်ရက်ဆက်တိုက်ထိုးရာ နိုင်လင်းနှင့် ဖိုးခွားလေး တို့ကို အချီအပြည့်ထိုးပြီး သရေကျခဲ့သည်။ မိုးကြိုးက ကြယ်လေးကို ဒုတိယ အချီ၌ အနိုင်ရခဲ့သည်။

စောအာကာ(တွံတေး)နှင့် ဖိုးခွားလေး(ရွှေလက်ရာ)တို့ပွဲကလည်း ပွဲဖြစ်ရုံအတွဲမဟုတ်ဘဲ သူ့အထွာနှင့်သူ၊ သူ့သမ္ဘာနှင့်သူ ပညာစွမ်းပြကြမည် ဖြစ်သည်။ ကရင်တိုင်းရင်းသားနှစ်ဦး သတ္တိပြိုင်ကြမည်ဖြစ်ရာ တွံတေးကလပ်



**တွေ့မရှောင်**

**မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၂) ရိုးရာ လက်ဝှေ့ပွဲ၌ သူရရဲအောင် (မြန်မာပြည်သား)နှင့်ယှဉ်ပြိုင်ထိုးသတ်မည့် တွေ့မရှောင် (KLN) ၏ အားမာန်။**

အောင်ပွဲခံမည်လား၊ ရွှေလက်ရာကလပ် အောင်ပွဲခံမည်လားဆိုသည်ကို ကြိုးဝိုင်း ပေါ်ရောက်မှ အဖြေပေါ်မည်ဖြစ်သည်။

### ဝယ်ယူနိုင်

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၂)မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို M.D.G ကယ်လ်ဆမ်ကွေကာက အဓိကပံ့ပိုး ကူညီမည်ဖြစ်သည်။ ဝင်ကြေးအဖြစ် ကျပ် ၃၅၀၀ သတ်မှတ်ထားသည်။ ကြိုတင်လက်မှတ်များကို T & T Group ဖုန်း-၀၉-၅၀၀၄၇၃၈ နှင့် ဇော်ပစ်တိုင်းထောင်ဗီဒီယို အမှတ် ၁၇၄ မြေညီထပ် ၃၅ လမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၇၆၅၀တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

---

## မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

နယူးယောက်၌ ၁၀ ရက်ကြာ ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့မှုကြောင့် ဆီးနှင်းထုကြီးမှာ ၁၂ပေအထိ မြင့်တက်ခဲ့ကြောင်း မိုးလေဝသပညာရှင်များက ပြောကြားခဲ့သည်ကို ဖေဖော်ဝါရီ ၁၃ ရက် အင်တာနက်သတင်း၌ တွေ့ရသည်။

***ပေကျင်းမြို့၌ ခြောက်နိုင်ငံဆွေးနွေးပွဲသဘောတူညီချက် တစ်စိတ်တစ်ဒေသအဖြစ် မြောက်ကိုရီးယားက လောင်စာဆီအကူအညီအတွက် ၎င်း၏ နျူကလီးယားအဓိက စက်ပေါင်းဖိုများပိတ်ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၃ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။***

*ဖေဖော်ဝါရီ၁၃ရက်က အင်တာနက်သတင်းတွင် နိုင်ဂျီးရီးယားနိုင်ငံ ရေနံများအလျှံပယ်ထွက်ရှိသည့် ပင်လယ်ဝမှ ပြန်ပေးဆွဲခံခဲ့ရသော ဖိလစ်ပိုင်နိုင်ငံသား ၂၄ ဦးအား ပြန်ပေးသမားများက ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဖော်ပြသည်။*

***အစ္စရေးနိုင်ငံက အဲရိုးအမည်ရှိ ဒုံးကျည်တစ်စင်းကို ပထမဆုံးအကြိမ်အဖြစ်အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း၊ ယင်းမှာ အီရန်နိုင်ငံက ရှာဟက်သရီးဒုံးကျည်ကဲ့သို့ တာဝေးပစ်မှတ်များကို ထိရောက်စွာ ပစ်ခတ်နိုင်စွမ်းရှိကြောင်း ဖေဖော်ဝါရီ ၁၁ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။***

*လေနှင့်နေစွမ်းအင်များသည် လျှပ်စစ်ဓာတ်အား အသုံးပြုစရာမလိုဘဲ ကျေးလက်ဒေသများတွင် မိုဘိုင်းလ်ဖုန်းကွန်ရက်များအဖြစ် ထူထောင်အသုံးပြုနိုင်ကြောင်း၊ မကြာမီ ယင်းစနစ်ကို နမီးဘီးယား၌ တပ်ဆင်အသုံးပြုမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ၁၃ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။*

***မိုဇမ်ဘစ်နိုင်ငံ ဇမ်ဘီဇီတောင်ကြားတွင် လွန်ခဲ့သော သုံးရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ လူပေါင်း ၆၀၀၀၀ ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ဖေဖော်ဝါရီ ၁၂ ရက်က အင်တာနက်သတင်းတွင် ဖတ်ရှုရသည်။*** (အင်တာနက်)

---

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန် ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် **"ကိုလိုနီစရိုက်ကို ဖျောက်၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စောင့်ရှောက်"** ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအဖွဲ့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့ကို ဖွဲ့စည်းလျက် နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားကို ဖော်ဆောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဝန်ကြီးဌာန လုပ်ငန်းကို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဟု သတ်မှတ်ထားရှိသည်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနရှိ ပြည်သူ့ဝန်ထမ်းအဆင့်အတန်း အားလုံးထဲမှ တစ်ဦးဦးသည် ငွေကြေးပစ္စည်း၊အခွင့်အရေး၊ အဂတိလိုက်စားမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီသော မမှန်မကန်လုပ်ပိုင်ခွင့်တို့ကို အသုံးပြု၍ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် အနိုင်အထက်ပြုကျင့်မှု ပြုလုပ်ခဲ့လျှင်သော်လည်းကောင်း ကိုယ်တိုင်တွေ့ကြုံခံစားရသော နစ်နာသူ ပြည်သူလူထု ကိုယ်တိုင်က ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး(ဖုန်း-၀၆၇-၄၁၂၀၄၀၊ ဖက်စ် ၀၆၇-၄၁၂၀၁၆) ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော်၊ ဒုတိယဝန်ကြီး (ဖုန်း-၀၆၇-၄၁၂၀၇၂) ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဖုန်း-၀၆၇-၄၁၂၀၆၉၊ ဖက်စ် ၀၆၇-၄၁၂၄၃၉) ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော် e-mail; ddg.gad@gad.gov.mm တို့ ဖြစ်သည်။

ဝန်ကြီးရုံးက တရားဝင်ဖွဲ့စည်းပေးသော စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဖြင့် ဥပဒေနှင့်အညီ စစ်ဆေးပေးမည်ဖြစ်ပြီး ပြည်သူလူထု၏ နစ်နာမှု မဖြစ်စေရန် တာဝန်ယူသည်။ ပြည်သူလူထုကလည်း မှန်မှန်ကန်ကန် တိုင်ကြားခြင်းဖြင့် ကူညီဆောင်ရွက်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---



**ဒဂုံမြို့နယ် အမက (၁)၏ ၂၀၀၅ - ၂၀၀၆ ခုနှစ် မိဘဆရာ အသင်းပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျောင်းခန်းမတွင် ကျင်းပရာ သူငယ်တန်းမှ စ တု တ္ထ တန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်မင်းဘုန်းညွှန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီက ဆုချီးမြှင့်ပေးအပ်စဉ်။** (ပညာရေး)

---

## အချိန်အခါမဟုတ် မိုးရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေစီးကြောင်းများ၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။**

(မြန်မာ့အလင်း)

---

## အလက(၁) မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြောက်ဥက္ကလာပမြို့နယ် အလက (၁)(ယခင်ပွင့်ကောင်းကျောင်း)ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ၁ရက်တွင် ကျင်းပမည်ဖြစ်ရာ ၁၉၆၀-၂၀၀၇အထိတာဝန်ထမ်းဆောင်ခဲ့သောကျောင်းအုပ်ကြီးများနှင့် ၁၉၆၀-၁၉၈၀အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများ ကျောင်းသို့ဆက်သွယ်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဆရာ ဦးသန်းထွန်းတင့်(ကျောင်း) ဖုန်း-၆၉၉၃၆၃၊ကိုသန်းစိုး ဖုန်း-၀၉-၉၈၇၁၂၆၁၊ ကိုဇော်မင်း ဖုန်း-၀၉-၅၁၄၀၂၆၆နှင့် အလက(၁) မြောက်ဥက္ကလာပကျောင်း၌ တနင်္ဂနွေနေ့တိုင်း နံနက်၉နာရီမှ မွန်းတည့်၁၂နာရီအထိ အလှူခံဌာနကို ဖွင့်လှစ်ထားကြောင်း သိရသည်။

(က-ပ)





နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❐ **ရွှေဖုံးမှ**

အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၁ နာရီက ရွှေကျင်မြို့နယ်၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၌ ပါဝင်သည့် အဓိကလုပ်ငန်းများ၊ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ စက်သုံးဆီရရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးမျိုးမြင့်က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၌ တည်ဆောက်မည့် တမံအမျိုးအစား သတ်မှတ်ခဲ့မှုများ၊ မူလတမံ ဒီဇိုင်းထက် ပိုမိုသင့်လျော်သည့် ဒီဇိုင်းပုံစံပြောင်းလဲဆောင်ရွက်ချက်များ၊ ဒီဇိုင်းပုံစံပြောင်းလဲဆောင်ရွက်မှုကြောင့် လုပ်ငန်းသုံးကျောက်ကြီးနှင့် ဘဏ္ဍာငွေကြေးကုန်ကျမှု လျော့နည်းသက်သာသွားမည်သာမက လုပ်ငန်းပြီးစီးမှုလည်း ပိုမိုမြန်ဆန်လာမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက စီမံကိန်းများအတွက် စက်သုံးဆီပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှု**

ယင်းနောက် ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကိုမှာကြားပြီး စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ စီမံကိန်းဧရိယာနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပင်မရေပိုလွှဲတည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ရေလွှဲရေထုတ်ပြွန်နှင့် ဖိအားမြင့်သံမဏိပိုက်လိုင်း တည်ဆောက်တပ်ဆင်သွားမည့်နေရာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဓာတ်အားပေးစက်ရုံတည်ဆောက်မည့်နေရာ၊ ပင်မတမံလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် မြေဖို့၊ မြေညှိ၊ ရေဖျန်း၊ မြေသိပ်လုပ်ငန်းဆောင်ရွက်နေမှုများနှင့် အကူရေပိုလွှဲတည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**အကောင်အထည်ဖော်နေ**

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းမှာ စစ်တောင်းမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ၌ပါဝင်သည့် စီမံကိန်းတစ်ခုဖြစ်သည်။ ရွှေကျင်ချောင်းပေါ်၌ အလျား ပေ ၃၆၁၀၊ အမြင့် ၁၈၅ ပေရှိ ဇုန်အမျိုးအစားတမံတည်ဆောက်လျက် ရေလှောင်ကန်မှ ရေအားအမြင့်ကိုရယူ၍ ရေအားလျှပ်စစ် ၇၅ မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားကွန်ရက်မှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးရန်ရည်ရွယ်ပြီး ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

**ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း**

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဖြူးမြို့နယ်ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရှင်းလင်းတင်ပြရာ၌ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို ဖြူးမြို့၏ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

**အကောင်အထည်ဖော်**

မဂ္ဂါဝပ် ၆၀ ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ ကို နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ ဤစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ဤစီမံကိန်းမှာ ရေအားလျှပ်စစ်ထုတ်ယူရရှိမည့်အပြင် စိုက်ပျိုးရေပါပေးဝေနိုင်မည့် စီမံကိန်းဖြစ်ပါကြောင်း၊ လျှပ်စစ်လုပ်ငန်းများကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃)တည်ဆောက်ရေးက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနနှင့်လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**ညှိနှိုင်းဖြည့်ဆည်းပေး**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက စက်သုံးဆီ ညှိနှိုင်းဖြည့်ဆည်းပေးသည့်အခြေအနေများကိုလည်းကောင်း တင်ပြကြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပင်မတမံတည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှုရပ်မှ ကြည့်ရှုကြသည်။

ဆက်လက်၍ ဖိအားမြင့် ဥမင်လိုဏ်တူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ ဖိအားမြင့် ဥမင်လိုဏ်မှာ အရှည် ၃၃၅ ပေရှိပြီး ယခုအခါ ၁၄၉ ပေ တူးဖော်ပြီးဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၁)ဖောက်လုပ်ပြီးစီးမှုများကိုလည်းကောင်း၊ ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၁)၌ Up Stream နှင့် Down Stream လိုဏ်များ တစ်ပြိုင်နက်တည်း တူးဖော်နေသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အချင်း ၁၈ ပေ၊ အရှည် ၅၇၅၆ ပေရှိ ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။ ရေယူအဆောက်အအုံ၊ ရေထိန်းမျှော်စင်နှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

**ပူးပေါင်းဆောင်ရွက်**

ကွန်းချောင်းရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းပြီးစီးပါက မဂ္ဂါဝပ် ၂၀ တပ်ဆင်အင်အားရှိ စက်သုံးလုံးဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်ယူရရှိမည့်အပြင် လယ်မြေဧက ၁၁၀၀၀၀ကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

❑ **ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းကို ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေ၊ ရွှေကျင်ချောင်းပေါ်၌ အလျား ပေ ၃၆၁၀၊ အမြင့် ၁၈၅ ပေရှိ ဇုန်အမျိုးအစားတမံ တည်ဆောက်လျက် ရေလှောင်ကန်မှ ရေအားအမြင့်ကို ရယူ၍ ရေအားလျှပ်စစ် ၇၅ မဂ္ဂါဝပ်ကို နိုင်ငံတော် ဓာတ်အားကွန်ရက်မှ တစ်ဆင့် ဓာတ်အားဖြန့်ဖြူးရန် ရည်ရွယ်ပြီး ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်၊**

❑ **ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကိုဖြူးမြို့၏အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိ၊ မဂ္ဂါဝပ် ၆၀ ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ ကို နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးနိုင်ရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်။**



**ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း**

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

# မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ ရန်ကုန်-လက်ပံတန်း-ပြည်ခရီးစဉ်

## ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင်၁၀၀၀ခရီးရှည်စက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ၁၂ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)မှ စတင်တာလွှတ်ရာ** (ယနေ့)**တွင် ပြည်မြို့သို့ ရောက်ရှိပြီး ညအိပ်ရပ်နားသည်။**

### အောင်မြင်စွာပန်းဝင်

ရန်ကုန်မြို့မှ စတင်တာထွက်လာသော ပြိုင်ပွဲဝင်စက်ဘီးအားကစားသမားများသည် ရန်ကုန်-ပြည်ကားလမ်းအတိုင်း မှော်ဘီမြို့၊ တိုက်ကြီးမြို့၊ ဥက္ကံမြို့၊ သုံးဆယ်မြို့နှင့် သာယာဝတီမြို့များကို ဖြတ်သန်းကာ လက်ပံတန်းမြို့သို့ နံနက်၁၀နာရီခန့်တွင် ရောက်ရှိပြီး ပန်းဝင်ကြသည်။ ရန်ကုန်မြို့မှ ပြိုင်ပွဲဝင်၁၀၆ဦး တာထွက်ယှဉ်ပြိုင်ရာ လက်ပံတန်းမြို့သို့ ၇၈ဦး အောင်မြင်စွာပန်းဝင်နိုင်ကြသည်။

လက်ပံတန်းမြို့သို့ ဦးဆောင်ပန်းဝင်နိုင်သူ၁၀ဦးမှာ ပထမသက်နိုင်ဦး (ဘဏ္ဍာ/အခွန်)၊ ဒုတိယ အောင်နိုင်လင်း ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တတိယ ဝင်းကိုမောင်(ရေဝတီတိုင်း)၊ စတုတ္ထ ရန်အောင်ဦး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပဉ္စမကျော်ကျော်ဦး(ပဲခူးတိုင်း)၊ ဆဋ္ဌမ အောင်ဖြိုး(Maxxis)၊ သတ္တမ မင်းဇော်(နေပြည်တော်)၊ အဋ္ဌမ ထွန်းထွန်း (Maxxis)၊ နဝမ ဇော်ဝင်းထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဒသမ ချစ်ဦး(ရေဝတီတိုင်း)တို့ဖြစ်ကြသည်။

### ချီးမြှင့်

ရန်ကုန်-လက်ပံတန်း ခရီးစဉ်အတွက် ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက် ည၇နာရီက လက်ပံတန်းမြို့ ဇီဝနည်းပညာ သင်တန်းကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ Myanmar Towards Co., Ltd. မှ Unit Dancer အဖွဲ့က တေးဂီတများဖြင့်ဖျော်ဖြေပြီး လက်ပံတန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး ခင်မောင်လတ်က တတိယ ဆုရရှိသော ဝင်းကိုမောင်(ရေဝတီတိုင်း)အား ငွေကျပ်တစ်သောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကိုကြီးက ဒုတိယ ဆုရရှိသော အောင်နိုင်လင်း ရှမ်းပြည်နယ်(တောင်ပိုင်း)အား ငွေကျပ်နှစ်သောင်းကိုလည်းကောင်း၊အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးနော်တောင်က ပထမဆုရရှိသော သက်နိုင်ဦး (ဘဏ္ဍာ/အခွန်)အား ငွေကျပ်သုံးသောင်းနှင့် အဝါရောင်အင်္ကျီကို ပေးအပ်ချီးမြှင့်သည်။

### တာလွှတ်

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ၏ လက်ပံတန်း-ပြည်ခရီးစဉ်ကို ယနေ့ နံနက် ၆ နာရီက မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကိုကြီးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ ပြိုင်ပွဲဝင်စက်ဘီး အားကစားသမားများသည် လက်ပံတန်းမြို့မှ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်နှင့် ရွှေတောင်မြို့များကို ဖြတ်သန်းပြီး ပြည်မြို့သို့ နံနက်၁၀နာရီတွင် ရောက်ရှိ ပန်းဝင်ကြသည်။ လက်ပံတန်းမြို့မှ ပြိုင်ပွဲဝင် ၇၆ဦးတာထွက်ယှဉ်ပြိုင်ရာ ပြည်မြို့သို့ ၇၇ဦး အောင်မြင်စွာပန်းဝင်နိုင်ကြသည်။

ပြည်မြို့သို့ ဦးဆောင် ပန်းဝင်နိုင်သူ ၁၀ဦးမှာ ပထမ အောင်မျိုးနိုင် (MAXXIS)၊ ဒုတိယ ဝင်းကိုမောင် (ရေဝတီတိုင်း)၊ တတိယ မောင်မောင်နေယု(ရန်ကုန်တိုင်း)၊စတုတ္ထ စောငယ်ငယ်(အင်းစိန်)၊ ပဉ္စမ မင်းဇော် (နေပြည်တော်)၊ ဆဋ္ဌမ သူရိန်ဝင်း (ဘဏ္ဍာ/အခွန်)၊ သတ္တမ ရန်နောင်ဦး (လယ်/ဆည်)၊အဋ္ဌမထွန်းထွန်း (MAXXIS)၊ နဝမ ခင်မောင်ဌေး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ဒသမ ရန်မျိုးအောင်(ရန်ကုန်တိုင်း)တို့ ဖြစ်ကြသည်။

လက်ပံတန်း-ပြည်ခရီးစဉ်အတွက် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီက ပြည်မြို့ ပညာရေးကောလိပ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ Myanmar Towards Co., Ltd. မှ Unit Dancer အဖွဲ့က တေးဂီတများဖြင့် ဖျော်ဖြေပြီး ပြည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်က တတိယဆုရရှိသော မောင်မောင်နေယု(ရန်ကုန်တိုင်း)အား ငွေကျပ်တစ်သောင်း ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အမှုဆောင် ဦးမျိုးမင်းက ဒုတိယရရှိသော ဝင်းကိုမောင်(ရေဝတီတိုင်း)အား ငွေကျပ် နှစ်သောင်းကို လည်းကောင်း၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနော်တောင်က ပထမဆုရရှိသော အောင်မျိုးနိုင် (Maxxis) အား ငွေကျပ် သုံးသောင်းနှင့် အဝါရောင်အင်္ကျီကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

### ဟောပြော

ဆက်လက်၍ စက်ဘီးအားကစားနည်းအကြောင်းသိကောင်းစရာများကို အတွင်းရေးမှူး ဦးဇော်မြင့်၊ နည်းပြဦးမြင့်ဟန်နှင့် ဆေးမှူး ဒေါက်တာအောင်သိန်းဌေးတို့က ဟောပြောကြသည်။

ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင် ၁၀၀၀ အမျိုးသား ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ၏ ဖြတ်သန်းရာလမ်းတစ်လျှောက်ရှိ မြို့များမှ ဒေသခံပြည်သူများက လမ်းဘေးဝဲယာတစ်လျှောက်၌အားပေးကြသည်။ မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ အောင်မြင်ရေးအတွက် Myanmar Towards Co.,Ltd. က ခရီးစဉ်တစ်လျှောက်လိုက်ပါ၍ ကူညီပံ့ပိုးပေးလျက်ရှိသည်။ ပြည်-တောင်တွင်းကြီး ခရီးစဉ်ကို ဖေဖော်ဝါရီ၁၄ရက် **(ယနေ့)** နံနက် ၆ နာရီတွင် တာလွှတ်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ရှင်းလင်းတင်ပြ

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီခွဲတွင် အုတ်တွင်း မြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၍ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းက ခပေါင်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းများနှင့် လုပ်ငန်းတိုးတက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ညွှန်ကြားချက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းပေးပြီးနောက် စစ်တောင်းမြစ်ဝှမ်းဒေသအတွင်း ဆည်တမံများနှင့် တွဲဖက်ထားသည့် ရေအားလျှပ်စစ်စီမံကိန်းများကို စုဖွဲ့တည်ဆောက်ပေးလျက်ရှိရာ ဆည်များ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပြီးစီးသည်နှင့် တစ်ပြေးညီ ဆည်ရေသောက်စနစ်နှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုလုပ်ငန်းများပါ ပြီးစီးအောင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြဖို့လိုကြောင်း။

ရဲနွယ်ဘက်စုံစီမံကိန်းပြီးစီးပြီဖြစ်သကဲ့သို့ ခပေါင်းနှင့်ကွန်းချောင်း စီမံကိန်းများ၏ ဆည်လုပ်ငန်းများနှင့် ရေအားလျှပ်စစ်လုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်တိုက်ပြီးစီးသွားမည်ဆိုပါက ဤဒေသအတွင်းလုပ်ငန်းများ အတော်ပင်ပြည့်စုံသွားမည်ဖြစ်ကြောင်း၊ လျာထားချက်ထက်စောစီးစွာ ပြီးစီးသည်နှင့်အမျှ လုပ်ငန်းများ၏ အကျိုးကျေးဇူးကို ပြည်သူများစောစီးစွာ ခံစားရပြီး ဤလုပ်ငန်းများရှိ ကျွမ်းကျင်မှု စွမ်းအားနှင့် စက်ယန္တရားအင်အားတို့ကို အခြားစီမံကိန်းများသို့ အားဖြည့်ပေးနိုင်မှာဖြစ်ကြောင်း။

တိုင်းမှူးက ကြီးကြပ်ဆောင်ရွက်နေသည့် စစ်တောင်းမြစ်ဝှမ်းနှင့် မြစ်မခမြစ်ဝှမ်းဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် ရေကြီးကွင်းများ၌ စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းများတွင်လည်း သက်ဆိုင်ရာကဏ္ဍများအလိုက် တက်တက်ကြွကြွ ပေါင်းစပ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

### နည်းလမ်းရှာကြံကြိုးစား

ရည်မှန်းချက်များပြည့်မြောက်ရေးလုပ်ငန်းများ စောနိုင်သမျှ စောစွာပြီးစီးရေးတို့အတွက် ပိုမိုကောင်းမွန်သော၊ ပိုမိုမြန်ဆန်ထိရောက်သော နည်းလမ်းများရှာကြံကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကုန်းကျောတမံ တည်ဆောက်ပြီးစီးမှု၊ ရေပိုလွှဲတည်ဆောက်ပြီးစီးမှု၊ ပင်မတမံတည်ဆောက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ရေသွယ်ဥမင်လိုဏ်အထွက်ပိုင်း တည်ဆောက်ရေး လုပ်ငန်းများနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

### ဘက်စုံစီမံကိန်း

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို အုတ်တွင်းမြို့ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၀ ထုတ်ယူရရှိပြီး လယ်မြေဧကတစ်သိန်းခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည့် ဘက်စုံစီမံကိန်းဖြစ်သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)



**ရန်ကုန်တိုင်း မှော်ဘီမြို့ အမှတ်(၁)ရပ်ကွက် အနောက်ပိုင်း အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ်ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၂ရက်ကကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသော တတိယတန်းကျောင်းသူ မခင်ရတနာနွယ်အား ကျောင်းအုပ်ဆရာမကြီးဒေါ်သီတာဆွေက ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

### ✻ ကျောဖုံးမှ

ငင်းအပြင် ဟိန္ဒူဘာသာ သာသနာ ပြန့်ပွားစေရန်အတွက် သာသနာပြုဆရာများကို အခမဲ့ယာဉ်စီးနင်းခွင့် (Free Pass) ကိုလည်း ခွင့်ပြုထုတ်ပေးထားသည့်အပြင် မြန်မာနိုင်ငံအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနတပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် မြန်မာပြည်သူပြည်သားအပေါင်းတို့က ဟိန္ဒူဘာသာတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နိုင်ရန် နှစ်စဉ် ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် ငွေပဒေသာပင် စိုက်ထူပေးလျက်ရှိပါသည်။ အဆိုပါ ဘာသာအလိုက် ထောက်ပံ့ကြေးနှင့် အခမဲ့ခရီးသွားလက်မှတ်များ ထုတ်ပေးခြင်းကို မည်သည့်နိုင်ငံတွင်မှမတွေ့ရဘဲ မြန်မာနိုင်ငံတစ်ခုတည်းမှာသာရရှိသော အထူးအခွင့်အရေးတစ်ရပ် ဖြစ်ပါသည်။ ဟိန္ဒူဘာသာရေးအခမ်းအနားပွဲတော်များတွင် နိုင်ငံတော်အစိုးရဘက်မှ ဝန်ကြီးအဆင့်နှင့်အထက် တက်ရောက်ဖွင့်လှစ်ပေးခြင်းများလည်း ဟိန္ဒူဘာသာဝင်များအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ စံနမူနာဖြစ်ရပ်များလည်းရှိပါသည်။

၂။ သို့ရာတွင် ကမ္ဘာ့ခရစ်ယာန် စည်းလုံးညီညွတ်ရေးအဖွဲ့ CSW သည် အင်အားကြီးနိုင်ငံအချို့၏ လှုံ့ဆော်မှုဖြင့် မြန်မာနိုင်ငံရှိ ခရစ်ယာန်များနှိပ်ကွပ်ခံရခြင်းဟူသည့် အစီရင်ခံစာတစ်စောင်ပေါ်ထွက်အောင် ဆောင်ရွက်လျက်ရှိကြောင်း ကြားသိရပါသည်။ အစ္စလာမ်များကို နှိပ်စက်ခြင်း၊ ရိုဟင်ဂျာအစ္စလာမ်များကို ဖိနှိပ်ခြင်း၊ ဗုဒ္ဓဘာသာရဟန်းနှင့်သီလရှင်များကို ထောင်ချခံရခြင်းများရှိကြောင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြလျက် မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူများအကြား ပြည်သူအချင်းချင်း ဘာသာရေးပဋိပက္ခဖြစ်စေရန် ရည်ရွယ်လျက် ပြည်တွင်းရေးပြဿနာ တစ်စုံတစ်ရာဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

၃။ CSW ၏ အစီရင်ခံစာပါ ရန်ကို ရန်ဖြင့်တုံ့ပြန်ခြင်းသည် ဘာသာအချင်းချင်း ထိပ်တိုက်တွေ့စေရန် ရည်ရွယ်ခြင်းသာဖြစ်ပါသည်။ လက်ရှိအီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော ပြည်တွင်းစစ်သည် အစ္စလာမ်ဘာသာဝင်အချင်းချင်း ပဋိပက္ခဖြစ်စေရန် အင်အားကြီးနိုင်ငံအချို့၏ ကြိုတင်ကြံစည်မှုတစ်ရပ်သာဖြစ်သည့်အပြင် ပါလက်စတိုင်းနှင့် အစ္စရေးနိုင်ငံတို့ လူမျိုးစုအချင်းချင်း ဘာသာရေးပဋိပက္ခ ဖန်တီးနေခြင်းဖြစ်သည်။ အလားတူ မြန်မာနိုင်ငံတွင်လည်း အချုပ်အခြာအာဏာပိုင်မှု ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ဘာသာရေးပြဿနာတစ်စုံတစ်ရာ ဖန်တီးကာ ပြည်တွင်းအေးချမ်းသာယာမှုကို တိုက်ရိုက်ဝင်ရောက် ဖျက်ဆီးမှုကို မိမိတို့ ဟိန္ဒူဘာသာဝင်များကိုယ်စား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဇဟိုအဖွဲ့ချုပ်နှင့် သနန္တနဓမ္မပါလကအဖွဲ့ချုပ်က ကန့်ကွက်ရှုတ်ချပါသည်။

၄။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် CSW အဖွဲ့ကို ခုတုံးလုပ်အသုံးချနေသော အင်အားကြီးနိုင်ငံအချို့၏ လှုံ့ဆော်မှုသည် မှန်ကန်၍ တရားမျှတခြင်းမရှိကြောင်း၊ မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုများသာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကို ပျက်ပြားအောင် လုပ်ဆောင်နေခြင်းများအား မည်သည့်နည်းနှင့်မျှ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**သနန္တ နဓမ္မပါလကအဖွဲ့ချုပ်** **မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဇဟိုအဖွဲ့ချုပ်**




**ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံချစ်ခင်သူများအသင်းက မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက် (Resolution)ချမှတ် အရေးယူဆောင်ရွက်နိုင်ရေးအတွက် အဆိုပြုချက် မူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မှုမမှန်သောလုပ်ရပ်ကို မခံမရပ်နိုင်ဖြစ်ကြပြီး အမှန်တရားဘက်မှ ရပ်တည်ကာ တိုကျိုမြို့ရှိ ဗြိတိန်သံရုံးရှေ့၌ ကြွေးကြော်သံပိုစတာများကိုင်ဆောင်ပြီး ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေကြစဉ်။**

### ✡ ကျောဖုံးမှ

ထို့အပြင် အမေရိကန်နှင့် ဗြိတိန်တို့ အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက် မူကြမ်းတင်သွင်းမှု ထပ်မံမပြုလုပ်ရန် တောင်းဆိုထားသည့် စာများကိုလည်း အဆိုပါသံရုံးအသီးသီးသို့ ပေးအပ်ခဲ့ရာ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့မှ သံအရာရှိများက လက်ခံယူခဲ့ကြကြောင်း သိရသည်။

ယခုကဲ့သို့ ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံ ချစ်ခင်သူများအသင်းက တရားမျှတမှုနှင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံပြီး **"မြန်မာနိုင်ငံအား ကျွန်ုပ်တို့ချစ်သည်"**၊ **"မြန်မာ့အရေးကိစ္စကို မြန်မာပြည်သူများကိုသာ ဆုံးဖြတ်ခွင့်ပြုပါ"**၊ **"ဒီမိုကရေစီသည် ပြည်ပပို့ကုန်မဟုတ်"**၊ **"ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ရုပ်သေးရုပ်လို ခုတုံးလုပ်အသုံးမချပါနဲ့"**၊ **"မြန်မာနိုင်ငံအတွက် လိုအပ်နေသည်မှာ ဖိအားပေးမှုမဟုတ်ပါ၊ နားလည်သဘောပေါက်မှုသာဖြစ်သည်"** စသည့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ကြွေးကြော်သံပိုစတာများကို ကိုင်ဆောင်ဆန္ဒပြခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၄-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇:၀၅ | ဘဝဆိုတာပေးဆပ်ခြင်း တရားတော် (စစ်ကိုင်း ခင်မကန်ကျောင်းတိုက်ဆရာတော် အရှင်ခေမိန္ဒ) |
| ၈:၀၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၈:၃၅ | တေးဂီတအစီအစဉ် |
| ၈:၄၀ | အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ |
| ၉:၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၁၅ | Midweek Sports News |
| ၉:၃၀ | တေးဂီတအစီအစဉ် |
| ၉:၃၅ | ရန့်စုံထူးကဲဆပ်ပြာမွှေးခဲ |
| ၉:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၅၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀:၁၅ | ကြည်နူးခံစားလက်ဆောင်ထုပ်ပိုးမှုများ |
| ၁၀:၂၀ | တေးဂီတအစီအစဉ် |
| ၁၀:၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၄၀ | Movie Talk(Short Film) (Part-1) |
| ၁၁:၀၀ | ကျန်းမာပေ့ါပါးရေကူးအားကစား |
| ၁၁:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၄၅ | ရှမ်းပြည်နယ်တိုင်းရင်းသားများ ရိုးရာပဒေသာကပွဲ |
| ၁၂:၀၀ | တေးဂီတအစီအစဉ် |
| ၁၂:၀၅ | **"ညော်မယ်ဇူ"** ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၁၂:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၂၀ | ဆေးဖက်ဝင်မာလကာပင်၏ အာဟာရတန်ဖိုးများအကြောင်း |
| ၁၂:၃၅ | တေးဂီတအစီအစဉ် |
| ၁၂:၄၀ | သီးနှံအထွက်တိုးစေမည့် ရာသီပြောင်းစက်များ |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**FA Cup ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂:၃၀ | Bolton-Arsenal | 5-Sports (Live) |

# ထမင်း ရေခန်း ချက်စားသည့်ဓလေ့ ထူထောင်ကြပါစို့

ဒေါက်တာလှကြည်

ထမင်းရည်ချောင်းစီး ဆိုသောစကားသည် မြန်မာတို့၏ လှူဒါန်းပေးကမ်းတတ်ခြင်း၊ ရက်ရောခြင်းနှင့် သဒ္ဓါတရားကို ဖော်ပြသော စကားလုံးဖြစ်ပါသည်။ လှူဒါန်းကျွေးမွေးရာ၌ အလှူအိမ်၊ သို့မဟုတ် အလှူမဏ္ဍာပ်တွင် ထမင်းချက်ရာမှ ထွက်လာသော ထမင်းရည် ပမာဏသည် ချောင်းရေစီးဆင်းနေသကဲ့သို့ များပြားလှကြောင်း **ထမင်းရည် ချောင်းစီးအောင် လှူဒါန်းသည်** ဟု တင်စားပြောဆိုခြင်းဖြစ်ပါသည်။ ကြားရသူတိုင်း သာဓုခေါ်ချင်အောင် အဓိပ္ပာယ်ရှိသောစကား ဖြစ်ပါသည်။

သို့သော် **ထမင်းရည် ချောင်းစီး**ဆိုသော စကားသည်ပင် အာဟာရရှုထောင့်မှ ကြည့်လျှင် ဆက်လက်ကျင့်သုံးရန် မသင့်လျော်သည့် ထမင်းချက်နည်းကို မိမိတို့ ရှေးပဝေသဏီကပင် ကျင့်သုံးခဲ့ကြကြောင်း ဖော်ညွှန်းနေပါသည်။ ထမင်းချက်သည့် အခါတိုင်း အာဟာရဓာတ်ကြွယ်ဝသည့် ထမင်းရည်ကို အလဟဿ သွန်ပစ်နေကြသည်ဟု ဆိုလိုပါသည်။

သာလွန်မင်းကြီးသည် တိုင်းခန်းလှည့်လည်စဉ် ထမင်းရည်ကို မြေပေါ်သို့ငှဲ့၍ စွန့်ပစ်နေသည့် အိမ်ရှင်မတစ်ဦးအား တွေ့သည့်အခါ ထမင်းရည်သည် အာဟာရဓာတ်ကြွယ်ဝသဖြင့် သွန်မပစ်ဘဲ သောက်သုံးရန်၊ ကလေးများအား တိုက်ကျွေးရန် ဆုံးမခဲ့ကြောင်း လေ့လာမှတ်သားဖူးပါသည်။ ထမင်းကို နေ့စဉ်စားသုံးပြီး အသက်ရှင်နေသူ မြန်မာများအနေဖြင့် အာဟာရပညာကို လေ့လာသင်ကြားဖူးခြင်း မရှိသည့်တိုင် ထမင်းရည်၏ အာဟာရတန်ဖိုးကို သိကြပါသည်။ တစ်နည်းအားဖြင့် ဗီတာမင်ဘီဝမ်း (Vitamin $B_1$)ဆိုသည့် အာဟာရဓာတ်ကို သိပ္ပံ ပညာရှင်များ မဖော်ထုတ်နိုင်မီကာလကပင် ထမင်းရည်၏ အာဟာရကြွယ်ဝမှုကို နားလည်သဘောပေါက်ခဲ့ကြပြီး ဖြစ်ပါသည်။ ဤဆောင်းပါးတွင် ထမင်းရည်၌ ပါဝင်သည့် အာဟာရဓာတ်တစ်မျိုးဖြစ်သည့် ဗီတာမင် ဘီဝမ်း အကြောင်းကို တင်ပြပါမည်။

## ဗီတာမင်ဘီဝမ်း

ဗီတာမင်ဘီဝမ်းကို ကျွန်ုပ်တို့ နေ့စဉ်စားနေသော အစားအစာများမှ ရရှိခြင်းဖြစ်သည်။ အသည်းနှင့် တဆေး (yeast)သည် ဗီတာမင်ဘီဝမ်း အကြွယ်ဝဆုံးဖြစ်ပါသည်။ အသားအမျိုးမျိုး (အထူးသဖြင့် အဆီလွတ်ဝက်သား)နှင့် ပဲအမျိုးမျိုးတွင် ဗီတာမင်ဘီဝမ်းကြွယ်ဝစွာ ပါဝင်သည်။ ဟင်းသီးဟင်းရွက်များတွင် ဗီတာမင်ဘီဝမ်း ပါဝင်သော်လည်း ပမာဏအားဖြင့် မများလှပါ။ ဆန်၊ ဂျုံစသော ကောက်နှံများသည် မူလက ဗီတာမင်ဘီဝမ်းကြွယ်ဝသော်လည်း ဖြူစင်ချောမွတ်သွားအောင် ကြိတ်ခွဲလိုက်သည့်အခါ ဗီတာမင် ဘီဝမ်းပါဝင်မှု သိသိသာသာ လျော့နည်းသွားပါသည်။ ဗီတာမင်ဘီဝမ်းသည် ဆန်စေ့၏ အပေါ်ယံအလွှာတွင် အများဆုံးတည်ရှိနေခြင်းဖြစ်သည်။ မောင်းထောင်းဆန်၊ ဆန်လုံးညိုတို့သည် ဗီတာမင်ဘီဝမ်း ကြွယ်ဝကြသော်လည်း ဆန်ကို ဖြူအောင်ကြိတ်လိုက်သည့်အခါ ဆန်စေ့၏အပေါ်ယံအလွှာမှ ဗီတာမင်ဘီဝမ်းဓာတ်များသည် ဖွဲကြမ်း၊ ဖွဲနုတို့နှင့်အတူ ဆုံးရှုံးသွားခြင်း ဖြစ်ပါသည်။

## ဗီတာမင်ဘီဝမ်း ချို့တဲ့မှု

နေ့စဉ်စားသုံးသည့် အစားအစာတွင် ဗီတာမင်ဘီဝမ်း အလုံအလောက် မပါဝင်ပါက ချို့တဲ့မှုကို ခံစားရမည်ဖြစ်ပါသည်။ ဗီတာမင်ဘီဝမ်း ချို့တဲ့သဖြင့် ဖြစ်ရသည့်ရောဂါကို ဘယ်ရီဘယ်ရီ (beri beri)ဟုခေါ်သည်။ ထုံနာစို၊ ထုံနာခြောက်ဟူ၍လည်း ပြောလေ့ရှိပါသည်။

ဘယ်ရီဘယ်ရီရောဂါကို ထုံနာစို (Wet beri beri)၊ ထုံနာခြောက် (Dry beri beri)နှင့် သူငယ်နာ ဘယ်ရီဘယ်ရီ(Infantile beri beri)ဟူ၍ အဓိကအားဖြင့် သုံးမျိုးခွဲခြား သတ်မှတ်လေ့ ရှိပါသည်။ လူကြီးများတွင် ဖြစ်တတ်သည့် ထုံနာခြောက်ရောဂါတွင် အာရုံကြောအဖွဲ့အစည်းကို ထိခိုက်မှုကြောင့် ခြေလက်များ ထုံခြင်း၊ ကျဉ်ခြင်း၊ ပူခြင်း၊ လမ်းလျှောက်ရာတွင် ကိုယ်အနေအထားမှန်အောင် ထိန်းမထားဘဲ ဒယိမ်းဒယိုင် ဖြစ်ခြင်း၊ ခြေသလုံးကြွက်သားနာခြင်း၊ ခြေလက်များအားနည်းချည့်နဲ့ပြီး လမ်းမလျှောက်နိုင်ခြင်း လက္ခဏာများကို တွေ့ရပါသည်။

ထုံနာစိုရောဂါတွင် သွေးခုန်နှုန်းမြန်ခြင်း၊ မောပန်းခြင်း၊ သွေးပေါင်ချိန် သာမန်ထက် လျော့နည်းခြင်း၊ နှလုံးလုပ်ငန်း ပျက်ယွင်းလာခြင်း၊ ဖောရောင်ခြင်း၊ အသည်းကြီးခြင်း၊ နှလုံးအရွယ်အစား ကြီးလာခြင်း စသည့် လက္ခဏာများကို တွေ့ရပြီး အသက်သေဆုံးသည်အထိ ခံစားရနိုင်ပါသည်။

## သူငယ်နာ ဘယ်ရီဘယ်ရီ (Infantile beri beri)

နုနုငယ်ငယ် အသက် ခြောက်လအောက်အရွယ် ကလေးအချို့ လူ့ဘဝကို စွန့်ခွာသွားကြရသည့် အကြောင်းရင်းတစ်ခုမှာ သူငယ်နာ ဘယ်ရီဘယ်ရီခေါ် ဗီတာမင်ဘီဝမ်း ချို့တဲ့ရောဂါ ဖြစ်ပါသည်။ နို့စို့ကလေးများ သူငယ်နာ ဘယ်ရီဘယ်ရီ ဖြစ်ရခြင်း၏ အကြောင်းရင်းသည် မိခင်၏နို့တွင် ဗီတာမင်ဘီဝမ်း အလုံအလောက် မပါဝင်ခြင်းကြောင့် ဖြစ်ပါသည်။ ကလေးကို နို့တိုက်နေစဉ် မိခင်များသည် အာဟာရဓာတ်ကြွယ်ဝသည့် အစားအစာအမျိုးမျိုးကို သာမန်အချိန်မှာထက် ပို၍ စားသုံးကြဖို့ လိုအပ်ပါသည်။ ထမင်းနှင့်အတူ အသား၊ ငါး၊ နို့၊ ပဲအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို စုံလင်အောင် စားသုံးရပါမည်။ သို့သော် မိခင်အချို့သည် မိမိ အစားစုံပါက နို့စို့နေသည့်ကလေး ဗိုက်နာမည်၊ ဝမ်းပျက်မည်၊ လေပွမည် စသည့် မှားယွင်းသော ယုံကြည်မှုများကြောင့် ကလေးနို့တိုက်နေစဉ် အစားအစာအမျိုးမျိုးကို ရှောင်ပြီး ထမင်းနှင့် ငါးခြောက်လောက်သာ စားသုံးတတ်ကြပါသည်။ ထိုမိခင်များသည် အခြားအာဟာရဓာတ်များ ချို့တဲ့ခြင်းနှင့်အတူ ဗီတာမင်ဘီဝမ်းဓာတ်လည်း ချို့တဲ့တတ်ကြပါသည်။

**ဆန် ၁၀၀ဂရမ်တွင် ပါဝင်သည့်ဗီတာမင်ဘီဝမ်းဓာတ် ပမာဏ(မီလီဂရမ်)**

| ဆန်အမျိုးအစား | လုံးတီးဆန် | လျှော့ကြိတ်အဆင့်(၁) | လျှော့ကြိတ်အဆင့်(၂) | လျှော့ကြိတ်အဆင့်(၃) | ဆန်ဖြူ |
|---|---|---|---|---|---|
| ငကြွဲ | ၀ဒသမ၄၇၄ | ၀ဒသမ၃၅၁ | ၀ဒသမ၂၃၁ | ၀ဒသမ၁၈၀ | ၀ဒသမ၁၀၃ |
| မီးဒုံး | ၀ဒသမ၄၁၄ | ၀ဒသမ၂၈၁ | ၀ဒသမ၁၇၀ | ၀ဒသမ၁၁၄ | ၀ဒသမ၀၇၀ |
| ငစိန် | ၀ဒသမ၃၇၈ | ၀ဒသမ၂၈၄ | ၀ဒသမ၁၉၈ | ၀ဒသမ၁၃၇ | ၀ဒသမ၀၉၄ |
| ဧည့်မထ | ၀ဒသမ၃၇၆ | ၀ဒသမ၂၅၁ | ၀ဒသမ၁၇၉ | ၀ဒသမ၁၀၄ | ၀ဒသမ၀၇၁ |

## သူငယ်နာ ဘယ်ရီဘယ်ရီရောဂါ၏ လက္ခဏာများ

မိခင်နို့ စို့နေသည့် အသက်တစ်လမှ ခြောက်လကြားအရွယ် ကလေးသည် အဆက်မပြတ် ငိုညည်းနေခြင်း၊ ငိုညည်းနေရာမှ အသံတိမ်သွားပြီး လုံးဝအသံမထွက်တော့ခြင်း၊ တက်ခြင်း၊ ပြာနှမ်းခြင်း၊ အသက်ရှူ ခက်ခြင်းတို့ ဖြစ်လာပါက သူငယ်နာ ဘယ်ရီဘယ်ရီ ဖြစ်နိုင်ပါသည်။ ဆရာဝန်သည် စမ်းသပ်ကြည့်ပါက ကလေး၏အသည်း သိသိသာသာကြီးနေသည်ကို တွေ့ရပါမည်။ ရောဂါရာဇဝင်ကို သေသေချာချာ မေးကြည့်ပါက ကလေးနို့စို့နည်းသွားသည်၊ ဆီးနည်းသွားသည်၊ အန်သည်ဟု ပြောတတ်ပါသည်။ မိခင် အစားရှောင်သည်၊ ခြေလက်များ ထုံကျဉ်နေသည်၊ ခြေလက်များ မသယ်ချင်ဘဲ ခြေကုန်လက်ပန်းကျနေတတ်သည်ဟူ၍လည်း ပြောတတ်ပါသည်။

## ဗီတာမင်ဘီဝမ်း ချို့တဲ့မှုကြောင့် ဦးနှောက်လုပ်ငန်းပျက်ယွင်းခြင်း

ဗီတာမင်ဘီဝမ်း ချို့တဲ့မှုကြောင့်ဦးနှောက်လုပ်ငန်း ပျက်ယွင်းခြင်းကို အရက်စွဲနေသူများတွင် အများဆုံး တွေ့ရတတ်ပါသည်။ လမ်းလျှောက်သည့်အခါ ခန္ဓာကိုယ် ဒယိမ်းဒယိုင်ဖြစ်ခြင်း၊ အာရုံများ မကြည်လင်ဘဲ ဝေဝါးနေခြင်း၊ မျက်ဆန်သည် မတည်ငြိမ်ဘဲ လှုပ်ရှားနေခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်းနှင့် အမှန်တကယ် မဟုတ်သည့်ကိစ္စများကို တကယ်ဖြစ်သကဲ့သို့ ဖြီးဖြန်း၍ ပြောတတ်ခြင်း စသည့်လက္ခဏာများကို တွေ့ရပါသည်။

ဗီတာမင်ဘီဝမ်းချို့တဲ့ပြီး ထုံနာစို၊ထုံနာခြောက် ရောဂါမဖြစ်စေရန် လည်းကောင်း၊ နို့စို့ကလေးများ သူငယ်နာဘယ်ရီဘယ်ရီရောဂါ မဖြစ်စေရန် လည်းကောင်း အောက်ပါနည်းများဖြင့် ကာကွယ်နိုင်ပါသည်။

## နို့တိုက်မိခင်အာဟာရကြွယ်ဝသည့် အစားအစာများ စုံလင်စွာစားသုံးခြင်း

အာဟာရဖြစ်သည့် အစားအစာများကို စုံလင်မျှတစွာ စားသုံးတတ်သည့် မိခင်များ၏ နို့ရည်တွင် ပါဝင်သော ဗီတာမင်ဘီဝမ်းဓာတ် ပမာဏသည် အသက်ခြောက်လအောက် နို့စို့ကလေးငယ်အတွက် လုံလောက်ပါသည်။ သို့သော် ဗီတာမင်ဘီဝမ်း ကြွယ်ဝသည့်အစာများကို စုံလင်အောင် မစားကြသည့် မိခင်များ၏ နို့ရည်တွင် ဗီတာမင်ဘီဝမ်း အလုံအလောက် မပါဝင်နိုင်ပေ။ နို့တိုက်မိခင်များ ထမင်းနှင့်အတူ ဗီတာမင်ဘီဝမ်း ကြွယ်ဝသော ပဲအမျိုးမျိုးနှင့် သား၊ ငါး၊ သီးနှံစုံလင်စွာ စားသုံးခြင်းသည် ဗီတာမင်ဘီဝမ်း ချို့တဲ့မှုကို ကာကွယ်ရာတွင် အကောင်းဆုံး နည်းဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များသည် မလိုအပ်ဘဲ အစားမရှောင်သင့်ပေ။ ဥပမာ– သွေးတိုးရောဂါကြောင့် ငန်သည့် အစားအစာများ လျှော့၍စားရန် ဆရာဝန်၏ ညွှန်ကြားချက်မျိုးမှလွဲ၍ ကိုယ်ဝန်ဆောင် သို့မဟုတ် နို့တိုက်မိခင်တစ်ယောက်သည် အထူးတလည် အစားရှောင်ရန်မလိုပါ။ စားနေကျအတိုင်း အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်စွာ စားသုံးသင့်ပါသည်။

## ဗီတာမင်ဘီဝမ်း ဆုံးရှုံးမှုနည်းအောင် ဆန်ကိုလျှော့၍ ကြိတ်ခွဲခြင်း

ဆန်ကိုဖြူဖွေးသည့်အဆင့် ရောက်မသွားအောင် လျှော့ကြိတ်ခြင်း၊ တစ်နည်းအားဖြင့် လုံးတီးဆန်၊ လျှော့ကြိတ်ဆန်တို့ကို စားသုံးခြင်းဖြင့် မြန်မာတို့နေ့စဉ် စားနေကျဖြစ်သောဆန်မှ ဗီတာမင်ဘီဝမ်း အတော်များများကို ရရှိနိုင်ပါသည်။ ဆန်ကို ကြိတ်ခွဲချိန်ကြာသည်နှင့်အမျှ ဆန်တွင်ပါဝင်သည့် ဗီတာမင်ဘီဝမ်း ပမာဏလျော့နည်းသွားပုံကို အောက်ပါဇယားတွင် တွေ့နိုင်ပါသည်။

လျှော့ကြိတ်အဆင့်(၁)တွင် ကြိတ်ခွဲချိန် ၁၅ စက္ကန့်၊ အဆင့်(၂)တွင် စက္ကန့် ၃၀၊ အဆင့်(၃)တွင် ၄၅ စက္ကန့်၊ ဆန်ဖြူတွင် ကြိတ်ခွဲချိန် စက္ကန့် ၆၀ ကြာပါသည်။ ဆန်ကိုဖြူအောင်ကြိတ်ခွဲခြင်းကြောင့် ဗီတာမင်ဘီဝမ်း သာမက ဘီတူး(Vitamin $B_2$)နှင့် နိုင်ယာစင် (Niacin)ဓာတ်များလည်း သိသိသာသာ လျော့နည်းသွားပါသည်။

## ပြုတ်ဆန် (Parboiled rice)

ပြုတ်ဆန်အဖြစ် ကြိတ်ခွဲစားသုံးခြင်းသည် ဗီတာမင်ဘီဝမ်း ချို့တဲ့မှု ထိရောက်စွာ ကာကွယ်နိုင်ကြောင်း သာဓကရှိပါသည်။ ၁၈၉၆ခုနှစ်က စင်ကာပူနိုင်ငံတွင် စိတ်ရောဂါဝေဒနာရှင်များအား ထိန်းသိမ်းပြုစုပေးသည့် ဂေဟာတစ်ခုတွင် ဘီဝမ်းချို့တဲ့မှုကြောင့် သေဆုံးသူဦးရေသည် ၄၀ခန့် ရှိပြီး၊ ၁၈၉၈ခုနှစ်တွင် ၅၀ခန့်ရှိခဲ့ကြောင်း မှတ်တမ်းများ ရှိပါသည်။ ထိုဝေဒနာရှင်များအတွက် အထူးဆေးရုံတစ်ရုံ ဖွင့်လှစ်ကုသပေးခဲ့ရာ ၁၈၉၉ခုနှစ်တွင် ဆေးရုံတက်သူ ၄၅၃ယောက်အနက် ၃၀၄ယောက် သေဆုံးခဲ့ပါသည်။ ၁၉၀၄ခုနှစ်မှစ၍ ပြုတ်ဆန်ကျွေးပြီး ကုသပေးခဲ့ရာ ဆေးရုံတက်သူဦးရေရော သေဆုံးသူဦးရေပါ သိသိသာသာလျော့နည်းသွားပြီး ၁၉၂၄ခုနှစ် တစ်နှစ်လုံးတွင် ဆေးရုံတက်သူဦးရေ ၅၀သာ ရှိတော့သဖြင့် ၁၉၂၅ခုနှစ်တွင် ဆေးရုံကို ပိတ်လိုက်ရသည်ဟု လေ့လာသိရှိရပါသည်။

ပြုတ်ဆန်အဖြစ် ကြိတ်ခွဲရာတွင် စပါးကိုမကြိတ်ခွဲမီ ရေနွေးနှင့် စိမ်ခြင်း သို့မဟုတ် ရေနွေးငွေ့ပေးခြင်း ပြုလုပ်ရပါသည်။ ဗီတာမင်ဘီဝမ်းသည် ရေတွင် ပျော်ဝင်နိုင်သောကြောင့် ဤသို့ပြုလုပ်ခြင်းဖြင့် ဆန်၏ အပေါ်ယံလွှာမှ ဗီတာမင်ဘီဝမ်းဓာတ်များသည် ရေနွေး၊ သို့မဟုတ် ရေနွေးငွေ့နှင့်အတူ ဆန်စေ့၏ အတွင်းပိုင်းသို့ စိမ့်ပြီးဝင်ရောက်သွားပါသည်။ ထို့နောက် စပါးကို အခြောက်လှန်း၍ ကြိတ်ခွဲခြင်းအားဖြင့် ဆန်စေ့၏အတွင်းပိုင်းသို့ ရောက်နေသည့် ဗီတာမင်ဘီဝမ်းများ ကျန်နေခဲ့မည်ဖြစ်ပါသည်။ ပြုတ်ဆန်သည် အကျိုးအကြေနည်းပြီး တာရှည်အထားခံပါသည်။ ပြုတ်ဆန်တွင် ပါဝင်သော ဗီတာမင်ဘီဝမ်းပမာဏသည် ရိုးရိုးဆန်တွင် ပါဝင်သော ဗီတာမင်ဘီဝမ်း ပမာဏထက် နှစ်ဆမှ ငါးဆအထိ များပြားပါသည်။

## ဆန်မှ ဗီတာမင်ဘီဝမ်း ဆုံးရှုံးမှုနည်းအောင် ထမင်းချက်ခြင်း

**ဆန်တွင်ပါဝင်သော ဗီတာမင်ဘီဝမ်းဆုံးရှုံးမှု နည်းအောင် ချက်ပြုတ် စားတတ်ရန်လည်း လိုအပ်ပါသည်။ ဗီတာမင်ဘီဝမ်းသည် ရေတွင် ပျော်ဝင်နိုင်သော ဗီတာမင်တစ်မျိုးဖြစ်သဖြင့် ဆန်ကိုအထပ်ထပ် ပွတ်တိုက်၍ဆေးခြင်း၊ ထမင်းရည်ငှဲ့၍ သွန်ပစ်ခြင်းတို့ကြောင့်လည်း ဆန်တွင်ပါဝင်သော ဗီတာမင်ဘီဝမ်းဓာတ်များ ဆုံးရှုံးသွားနိုင်ပါသည်။ ထို့ကြောင့် ဆန်ဆေးသည့်အခါ ဖုံ၊ သလဲ၊ ခဲ(ဂဲ)စသည့်တို့ကို လက်နှင့် ကောက်ယူပြာတီးပြီးမှ တစ်ကြိမ် နှစ်ကြိမ်ခန့်သာ အသာအယာ ဆေးကြောသင့်ပါသည်။ ထမင်းရေခန်း ချက်စားခြင်းသည် ဗီတာမင်ဘီဝမ်းဆုံးရှုံးမှု နည်းစေသည့် နည်းတစ်မျိုးဖြစ်ပါသည်။** ရန်ကုန်ကလေးဆေးရုံကြီးတွင် ပြုလုပ်ခဲ့သည့် လေ့လာမှု တစ်ခုအရ **သူငယ်နာ ဘယ်ရီ ဘယ်ရီ ရောဂါခံစားကြသည့် ကလေးများ၏အိမ်တွင် ထမင်းရည်ငှဲ့၍ ချက်သည့် ဓလေ့ကို ပိုမိုကျင့်သုံးကြကြောင်း တွေ့ရပါသည်။** တစ်နိုင်ငံလုံးတွင် ထမင်းရည်ငှဲ့၍ ချက်သည့်ဓလေ့ကို ဖျောက်ပြီး၊ ရေခန်းချက်စားသည့်အကျင့်ကို ထူထောင်ကြဖို့ တိုက်တွန်းလိုပါသည်။ ။

- ❒ ဆန်တွင် ပါဝင်သော ဗီတာမင်ဘီဝမ်းဆုံးရှုံးမှု နည်းအောင် ချက်ပြုတ်စားတတ်ရန်လို။
- ❒ ဗီတာမင်ဘီဝမ်းသည် ရေတွင် ပျော်ဝင်နိုင်သော ဗီတာမင် တစ်မျိုးဖြစ်သဖြင့် ဆန်ကို အထပ်ထပ်ပွတ်တိုက်၍ ဆေးခြင်း၊ ထမင်းရည်ငှဲ့၍ သွန်ပစ်ခြင်းတို့ကြောင့်လည်း ဆန်တွင်ပါဝင်သော ဗီတာမင်ဘီဝမ်းဓာတ်များ ဆုံးရှုံးသွားနိုင်။
- ❒ ဆန်ဆေး သည့်အခါ ဖုံ၊ သလဲ၊ ခဲ(ဂဲ)စသည့်တို့ကို လက်နှင့် ကောက်ယူ ပြာတီးပြီးမှ တစ်ကြိမ် နှစ်ကြိမ်ခန့်သာ အသာအယာ ဆေးကြောသင့်။
- ❒ ထမင်းရေခန်း ချက်စားခြင်းသည် ဗီတာမင်ဘီဝမ်းဆုံးရှုံးမှု နည်းစေသည့် နည်းတစ်မျိုးဖြစ်။

# ဖလမ်းမြို့နယ် ကလေး-ဖလမ်း-ဟားခါးလမ်းပေါ်ရှိ ဗားရိတံတားဖွင့်
## ကလေးမှတစ်ဆင့် မန္တလေးနှင့် မကွေးတိုင်းတို့သို့ ရာသီမရွေးသွားလာနိုင်
## တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးမှုတိုးပွားပြီး လူမှုစီးပွားဖွံ့ဖြိုးလာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)က ချင်းပြည်နယ် ဖလမ်းမြို့နယ် ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် ၆၈ မိုင် ငါးဖာလုံ၌ မဏိပူရမြစ်ကို ဖြတ်ကျော်၍ တည်ဆောက်ပြီးစီးသည့် ဗားရိတံတားဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက အဆိုပါ တံတားအနီးရှိ တံတားဖွင့်ပွဲ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။**

### တက်ရောက်

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်တာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

အစီအစဉ်အရ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားဆောက်လုပ်ရေးလုပ်ငန်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဦးကောလျန်ထန်းက တံတားကြီး တည်ဆောက် ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်္ဂလာအချိန်တွင် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဗားရိတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမှန်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ ဗားရိတံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို အမွှေး နံ့သာများဖြင့် ပက်ဖျန်းပေးကြကာ ဧည့်သည်တော်များနှင့်အတူ တံတားကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခု ဖွင့်လှစ်သည့် ဗားရိတံတား၏ တံတားအောက်ထည်မှာ ၂၄ ပေ အချင်းရှိ သံမဏိခွေနှင့် သံကူကွန်ကရစ်အုတ်မြစ်၊ တံတားအပေါ်ထည် သံကူကွန်ကရစ်တိုင်နှင့် သံမဏိသံပေါင်တံတားဖြစ်ပြီး တံတားအရှည် ပေ၃၄၀၊ ယာဉ်သွားလမ်းအကျယ်၂၄ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီနှင့် နှစ်ဖက်ပါရှိ၍ ခွင့်ပြုယာဉ် အလေးချိန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်သည်။

### တိုးတက်ဖွံ့ဖြိုးလာမည်

ဗားရိတံတားကို တည်ဆောက်ဖွင့်လှစ်ပေးခြင်းအားဖြင့် ချင်းပြည်နယ် ဟားခါးမြို့မှ တီးတိန် ရိဒ်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့မှ တစ်ဆင့် မန္တလေးတိုင်း၊ မကွေးတိုင်းတို့သို့ ရာသီမရွေး လွယ်ကူစွာ သွားလာဆက်သွယ်နိုင်သဖြင့် တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးမှုများ တိုးပွားလာမည်ဖြစ်ပြီး လူမှုရေး၊ ပညာရေး၊ စီးပွားရေးတို့ပါ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများကိုအမှူးထား၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဆေး/ငြိမ်ရပ်ကွက် ပျဉ်းမလမ်း အမှတ်(၁၆)နေ မောင်လင်းသိုက်အောင်(ခေတ္တ-ဂျာမနီ)-မအေးအေးချိုမြင့် (ခေတ္တ-ဂျပန်) မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘောလမ်း)အောင်တော်မူ လမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ အမှုဆောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**ဆရာမကြီး ဒေါ်သန်းမြင့်တစ်လပြည့်အား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ်အလုံလမ်း မီးရထားအရာရှိ ရိပ်သာ အမှတ် ၂၁၃ နေ ဦးသောင်း၊ သမီး ဒေါ် အေး မြင့်၊ သား ဦးကြင်မော်-ဒေါက်တာမေဆည်၊ မြေး ဒေါက် တာ ထွန်းအောင်ရှိန်၊ မခိုင်စိုးဟန်မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို မိုးမိတ်အနုနာယကဆရာတော် ဘဒ္ဒန္တ ဝိနယထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မော်လမြိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၆၈ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုပေးပွဲကို ဇန်နဝါရီ၂၈ရက်ကမော်လမြိုင်ပညာရေးကောလိပ်၌ ကျင်းပရာ မော်လမြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၏ စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးကျော်ဝင်း(SSကျော်ဝင်း)က ဖတ်ကြားတင်ပြ၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်ထွန်း (ကျော်ဟိန်းအောင်)က အမှာစကား ပြောကြားသည်။

ယင်းနောက် စာရေးဆရာများဖြစ်ကြသော အကြည်တော်၊ ကောင်းသန့်နှင့် ဒေါက်တာ ခင်မောင်ညိုတို့က စာပေရေးရာများကိုဟောပြောကြပြီး တာဝန်ရှိသူများက စာဆိုတော်နေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ဆုရသူများ၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲ၌ ဆုရရှိသူများနှင့် HIV/AIDS အသိပညာပေးဝတ္ထု၊ ကာတွန်းပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုများကို ချီးမြှင့်ပေးကြသည်။

ညပိုင်းတွင် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း၌ စာရေးဆရာများဖြစ်ကြသော အကြည်တော်၊ ကောင်းသန့်နှင့် ဒေါက်တာခင်မောင်ညိုတို့က စာပေရေးရာများကို ဟောပြောကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အလက(၃)ဒဂုံ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ် (၃)အခြေခံပညာအလယ်တန်းကျောင်း၏ ၁၉၆၇-၁၉၆၈ ပညာသင်နှစ်မှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အထိ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို လာမည့် ဧပြီ ၁ ရက်တွင် ကျောင်း၏ မိသားစုခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

### လှူဒါန်းနိုင်

အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ကိုနပိုလီယံ ရန်ကုန်ဆေးရုံကြီး ဖုန်း-၂၅၆၁၁၂/၈၆၇၊ ကိုတင်မောင်ထူး ဖုန်း-၀၉-၅၂-၃၀၄၉၁၊ ကိုဌေးလင်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ကိုသန်းလင်းအောင် ဆိုင်အမှတ် ၂၅/၂၇ မင်္ဂလာဈေး ဖုန်း-၇၂၇၈၂၄၊ ကိုထွန်းအေး ဒဂုံစင်တာ ဖုန်း-၀၉-၅၁-၄၀၄၂၄၊ မခင်ဌေးဦး ၁၂၄ ဝဏ္ဏကျော်စွာလမ်း သွယ်(၂) ၁၄/၅ရပ်ကွက် ရွှေပေါက်ကံ၊ မသန်းသန်းအေး ၈၀၂၊ ၁၈(င) မောင်းမကန် ကမ်းသာလမ်း တောင်ဒဂုံ၊ မထားထားကြည် ၂၉၆ တိုက်-၁၃ ရွှေတိဂုံဘုရားလမ်း ဖုန်း- ၂၅၂၄၁၂၊ ဒေါ်လှလှဝင်း၊ ဒေါ်အယ်လ်ဂျာ အလက (၃)ဒဂုံဖုန်း-၃၈၇၉၈၅တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

## မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

### ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာ

**ကချင်ပြည်နယ် ဗန်းမောက်မြို့နယ် နောင်မဲ့လုံကျေးရွာ မူလတန်းလွန် တိုးချဲ့ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က အဆိုပါ ကျောင်းဆောင်သစ်ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်နှင်းယဉ်တို့က တိုးချဲ့ကျောင်းဆောင်သစ် နေရာတွင် ပန္နက်တင်အုတ်မြတ်ချပေးခဲ့သည်။**

### ကျပန်းစကားပြောပြိုင်

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၇ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ ကျောင်းသားကျောင်းသူ ၁၀ဦးပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား အသင်းအတွင်းရေးမှူး ဦးမြတ်စိုးနှင့် မြို့နယ်အလုပ်အမှုဆောင်များက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

### မွေးမြူရေးဆိုင်ရာ သရုပ်ပြရှင်းလင်း

**နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ရုံးအဖွဲ့မှူးများအား ဖိတ်ကြား၍ ငါး၊ ပျားစသည့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ သရုပ်ပြရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၁ရက်က မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး ကြက်မွေးမြူရေးခြံနှင့် ဝက်မွေးမြူရေးခြံများ၊ နွားမွေးမြူရေးခြံနှင့် ဆိတ်မွေးမြူရေးခြံများ၊ ဆည်အတွင်းမှငါးဖမ်းယူပုံများနှင့် အအေးခန်းများကို လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။**

### ကတ္တရာလမ်းသစ်ဖွင့်လှစ်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း၊ မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက် မကျီးကုန်းလမ်းကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက်က အဆိုပါနေရာ မင်္ဂလာမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၂၀၀၀ရှိပြီး မန္တလေး၊ ကျောက်ပန်းတောင်း အဝေးပြေးလမ်းမကြီးနှင့် ဆက်သွယ်ထားသည့်အပြင် လက်ပံခါးကော့-ဂဠုန်ကုန်း-ကျောက်ဖြူကုန်း-အင်းပက်လက်ကျေးရွာချင်းဆက်လမ်းများနှင့်လည်း ထိစပ်လျက်ရှိကြောင်း သိရသည်။

### ပရိယတ္တိ မူလစာမေးပွဲကျင်းပ

**ပဲခူးတိုင်း ဖြူးမြို့နယ်လုံးဆိုင်ရာ ဩဝါဒါစရိယဆရာတော်ကြီးများ ကြီးမှူး ကျင်းပသော (၃၃)ကြိမ်မြောက် ပရိယတ္တိ မူလစာမေးပွဲကို ဇန်နဝါရီ ၂၅ရက်မှ ၃၀ရက်အထိ ဖြူးမြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ ရပ်ဝေးရပ်နီးနှင့် ဖြူးမြို့ပေါ်ရှိ စာသင်တိုက်များမှ စာဖြေ သံဃာတော် ၅၄၇ပါး ဝင်ရောက်ဖြေဆိုတော်မူကြကြောင်း သိရသည်။**

### အမျိုးသမီးရေးရာအဖွဲ့ အတွေ့အကြုံရှင်း

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲကို ဇန်နဝါရီ ၂၇ရက်က မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းဌေးက အမှာစကားပြောကြားပြီး အဖွဲ့စည်းရုံးရေးဌာနမှူး ဒေါ်သူဇာတင်က အစည်းအဝေးအတွေ့အကြုံများကိုလည်းကောင်း၊ အဖွဲ့အတွင်းရေးမှူး ဒေါက်တာ အေးအေးသိန်းက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

### ချင်းပြည်နယ် ပညာရေးစုံညီပွဲတော်

**ချင်းပြည်နယ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၌ကျင်းပခဲ့ရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးတင်မြင့် တက်ရောက်ဖွင့်လှစ်ပေးပြီး ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က အထက(၁) ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။**

### ပညာရေးစုံညီပွဲတော်

မကွေးတိုင်း ချောက်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၆ရက်က အဆိုပါကျောင်း မြရိပ်ညိုခန်းမတွင်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းငွေနှင့် ဆရာ၊ ဆရာမများက ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

### မီးဘေးကာကွယ်ရေးဟောပြော

**စစ်ကိုင်းတိုင်း ခင်ဦးမြို့ အောင်ချမ်းသာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဇန်နဝါရီ ၁၉ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်စခန်းမှူး ဦးအောင်ဇော်ဌေးက မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။**

(မြန်မာ့အလင်း)

# ကမ္ဘာတစ်လွှား အားကစား

## တန်ပြန်တိုက်စစ်အကျော် အာဆင်နယ်

**ကိုးကားတင်ပြသူ မြင့်မောင်စိုး**

လန်ဒန် ဖေဖော်ဝါရီ ၁၃

**ပရီမီယာလိဂ်တွင် တန်ပြန်တိုက်စစ် အကောင်းဆုံးအသင်းကို ပြရပါလျှင် အာဆင်နယ်အသင်းကိုသာ ရွေးချယ်တင်ပြလိုပါသည်။**

အာဆင်နယ်အသင်းသည် မန်ယူနှင့် ချယ်လ်ဆီးတို့ထက် ပရီမီယာလိဂ်ဖလား မျှော်မှန်းနိုင်သည့် အခွင့်အလမ်း နည်းပါးသော်လည်း တန်ပြန်တိုက်စစ်ကစားရာတွင် ခြေစွမ်းထက်မြက်သည့် အသင်းကောင်း တစ်သင်းဖြစ်သည်။



အာဆင်နယ် တိုက်စစ်မှူး အွန်နရီ၏ ထိုးဖောက်ကစားဟန်။ (ဓာတ်ပုံ–အင်တာနက်)

### ဘောလုံးရသ

လွန်ခဲ့သောသုံးပွဲက အာဆင်နယ်အသင်း၏ ယှဉ်ပြိုင်ကစားမှုပွဲများကို ကြည့်ဖြစ်သည်။ ကစားသမားများ၏ သွက်လက်မြန်ဆန်စွာ ကစားမှုများကို ဘောလုံးရသအဖြစ် တွေ့ရသည်။

ပထမဆုံး ကြည့်ဖြစ်သည့်ပွဲစဉ်မှာ ဇန်နဝါရီ ၂၀ ရက်က ကစားခဲ့သည့် အာဆင်နယ်နှင့် မန်ယူပွဲဖြစ်သည်။ နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက် ကစားမှုများမှာ အလွန်ကောင်းသည့်ပွဲ ဖြစ်ခဲ့သည်။

### ဦးဆောင်ဂိုး

ထိုနေ့က မန်ယူတို့ အာဆင်နယ် ကွင်းသို့ ဧည့်အသင်းအဖြစ် လာရောက်ကစားခဲ့ရသော်လည်း ပွဲချိန် ၅၃ မိနစ်တွင် တိုက်စစ်မှူး ရွှန်နေက မန်ယူအတွက် ဦးဆောင်ဂိုးသွင်းပေးခဲ့သည်။ ယင်းဂိုးမှာလည်း မန်ယူပရိသတ်များအတွက် ဘဝင်ကျစရာ ဖြစ်သည်။ ဝဲတောင်ပံမှ အီဗရာ အနေတော် ဖြတ်တင်ပေးလိုက်ရာ ရွှန်နေ ခေါင်းတိုက် သွင်းပေးလိုက်ခြင်း ဖြစ်သည်။

### လဲထုတ်ကစား

မန်ယူတို့ ထိုနေ့က မိနစ်၈၀ ကျော်တိုင်အောင် အာဆင်နယ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ထိန်းကစားနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၇၀ အကျော်တွင် မန်ယူအဓိက ကစားသမားများကို နည်းပြဖာဂူဆန်က လဲထုတ်ကစားခဲ့သည်။

### မြန်ဆန်သွက်လက်

ထိုအချိန်တွင် အာဆင်နယ်က တစ်သင်းလုံး အရှိန်မြှင့်တိုက်စစ်ဆင် ကစားခဲ့သည်။ ထို့အပြင် အာဆင်နယ် နည်းပြ အာစင်ဝင်းဂါးက အရန်ခုံတွင် ထိုင်နေသောဗန်ပါစီကိုလည်း လူစားလဲ ထုတ်သုံးလိုက်သည်။ ၎င်း ဝင်လာပြီး မကြာမီ အာဆင်နယ်အသင်းအတွက် ချေပဂိုး သွင်းယူပေးခဲ့သည်။ ယင်းချေပ ဂိုးကြောင့် အာဆင်နယ်၏ တန်ပြန် တိုက်စစ်မှာ ကြောက်မက်ဖွယ်ကောင်း လောက်အောင် မြန်ဆန်သွက်လက်လာ သည်။ ပွဲပြီးရန် မိနစ် ၉၀ပြည့်ချိန်တွင် အဒီဘာယော ဝဲတောင်ပံမှ ချိုးပေး လိုက်သည့်ဘောလုံးကို တိုက်စစ်မှူး အွန်နရီအမိအရ ခေါင်းတိုက်ဂိုး သွင်းယူ ပေးနိုင်ခဲ့သည်။ ဤသည်မှာ အာဆင်နယ် အသင်း လူငယ်ကစားသမားများ၏ စိတ်ဓာတ်နှင့်ကြံ့ခိုင်မှုစွမ်းရည် မြင့်မား မှုကို ပြသနိုင်ခဲ့ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် တန်ပြန် တိုက်စစ် ဘုရင် အာဆင်နယ်ဟူ၍သာ ဆိုချင်ပါ သည်။

### ဂိုးမသွင်းနိုင်

တစ်ဖန် နောက်တစ်ပွဲကို ကြည့်ဖြစ် သေးသည်။ ဖေဖော်ဝါရီ ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် မစ်ဒယ်ဘရော့နှင့် ပွဲဖြစ်သည်။ ထိုနေ့က မစ်ဒယ်ဘရော့ တို့ အိမ်ကွင်း ကစားခွင့်ရသည်။ သို့သော်လည်း ပထမပိုင်းပြီးသည်အထိ ဂိုးမသွင်းနိုင်ဘဲရှိသည်။

### အနီကတ်

ဒုတိယပိုင်းပြန်စပြီး ပွဲချိန် ၆၂ မိနစ်တွင် အာဆင်နယ်မှ ဆန်ဒရို့စ် အနီကတ်ဖြင့် အထုတ်ခံလိုက်ရသည်။ ထို့အပြင် မစ်ဒယ်ဘရော့အသင်းကို ပယ်နယ်တီပါ ကန်ခွင့်ပေးလိုက်ရသည်။ ယင်းပယ်နယ်တီကို ယာကူဘူက သွင်းယူပေးခဲ့၍ မစ်ဒယ်ဘရော့တို့ တစ်ဂိုး–ဂိုးမရှိဖြင့် အာဆင်နယ်အသင်း ကို ဦးဆောင်ခဲ့သည်။ အာဆင်နယ်တို့ ၁၀ယောက်တည်းဖြင့် ကစားခဲ့ရသော် လည်း ဖွဲလုံ့လ မလျှော့ဘဲ တန်ပြန် တိုက်စစ်အားကို မြှင့်တင်ကစားသွား သည်ကို တွေ့ရသည်။

### တန်ပြန်တိုက်စစ်

ပွဲချိန် ၇၇မိနစ်တွင် အွန်နရီက ချေပဂိုးသွင်းယူပေးခဲ့သည်။ ယင်းဂိုးမှာ ယခုနှစ် ပရီမီယာလိဂ် ရာသီတွင် အာဆင်နယ်အသင်းအတွက် ၁၀ ဂိုး မြောက် ဖြစ်သည်။ အာဆင်နယ်တို့ ၁၀ ယောက်တည်းဖြင့် ကစားခဲ့ရသော် လည်း တန်ပြန်တိုက်စစ်ကိုဆင်နိုင်ခဲ့ သည်။

### အငိုက်မိ

ထို့အပြင် အာဆင်နယ်၏ တန်ပြန် တိုက်စစ်ကစားမှုကိုလည်း ဝီဂန်နှင့်ပွဲ တွင် ကြည့်ဖြစ်သေးသည်။ ဖေဖော်ဝါရီ ၁၀ရက်က ပွဲစဉ် (၂၇)ပြိုင်ပွဲ ဖြစ် သည်။ ပွဲချိန် ၃၅မိနစ်တွင် ဝီဂန် အသင်းမှ လန်းဇက်က အဝေးမှအမှတ် မထင် ကန်သွင်းလိုက်ရာ အာဆင်နယ် ဂိုးသမား လေးမန်း အငိုက်မိသွား သည်။ အာဆင်နယ် ဂိုးဧရိယာမှ ပြန်ထွက်လာသည့် ဘောလုံးကို လန်းဇက် အပိုင်ကန်သွင်းယူလိုက်ရာ လေးမန်း၏ ညာအပေါ်ထောင့်ထဲသို့ စွေ့ကနဲ ဝင်သွားသည်။

### ပထမဆုံးဂိုး

သို့သော်လည်း ဝီဂန်ကစားသမား ဖစ်ဇ်ဟောလ်က ပွဲချိန် ၈၁ မိနစ်တွင် ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိခဲ့သဖြင့် အာဆင်နယ်တို့ လက်ဆောင်ဂိုး ရခဲ့ သည်။ တစ်ဖက်တစ်ဂိုးစီ ဖြစ်နေ ချိန်တွင် အာဆင်နယ်တို့ တန်ပြန် တိုက်စစ်မြှင့်တင်ကစားခဲ့သည်။ ပွဲချိန် ၈၅မိနစ်တွင် ကွင်းလယ် ကစားသမား ရိုဆစ်စကီးက ဘက်တစ္စတာဖြတ်ပို့ သည့် ဘောလုံးမှတစ်ဆင့် ခေါင်းတိုက် သွင်းယူပေးနိုင်ခဲ့သည်။ ယင်းဂိုးမှာ ပရီမီ ယာလိဂ်တွင် ရိုဆစ်စကီး၏ ပထမဆုံး ဂိုးဖြစ်သည်။



ဝီဂန်နှင့်ပွဲတွင် အာဆင်နယ်အတွက် အနိုင်ဂိုးသွင်းပေးခဲ့သူ ရိုဆစ်စကီး။ (ဓာတ်ပုံ–အင်တာနက်)

### မွှေနှောက်ကစားနိုင်

ရိုဆစ်စကီးသည် အာဆင်နယ် အသင်း၏ တန်ပြန် တိုက်စစ်ကို ကွင်းလယ်မှ အဓိကပံ့ပိုးပေးသူဖြစ် သည်။ ရိုဆစ်စကီးနှင့်အတူ ဖာဘရီ ဂတ်စ်၊ ဘက်တစ္စတာနှင့် ဂီဘာတို ဆေးလ်ဗားတို့ကလည်း တန်ပြန် တိုက်စစ်အတွက် အဓိက မွှေနှောက် ကစားနိုင်ကြသူများ ဖြစ်ကြသည်။

### စတုတ္ထနေရာ

ရှေ့တန်းမှ အဒီဘာယော၏ လျင်မြန်မှုနှင့် အွန်နရီ၏ ဂိုးသွင်းသေချာမှုကြောင့် အာဆင်နယ်၏ တိုက်စစ်မှာ အလွန်သွက်လက် မြိုင်ဆိုင်လှသည်ကို တွေ့ရသည်။ ယင်းပြိုင်ပွဲအပြီး အာဆင်နယ်တို့ ၂၆ ပွဲကစား ရမှတ် ၄၉မှတ်ဖြင့် စတုတ္ထနေရာ၌ ရပ်တည်လျက်ရှိသည်။

ထို့ကြောင့် အာဆင်နယ်အသင်းသည် အထက်ပါပြိုင်ပွဲများကို လေ့လာသုံးသပ်ကြည့်ခြင်းအားဖြင့် အာဆင်နယ်သည် တန်ပြန်တိုက်စစ်တွင် အကျော်အမော်ဟု ဆိုရလောက်အောင် ခြေစွမ်းရှိသည့် အသင်း ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**(ကိုးကား– အင်တာနက်သတင်းများ)**

## ကီဗင်နိုလန် ဘော်လ်တန်နှင့် စာချုပ်သစ်ထပ်မံချုပ်



**ဘော်လ်တန်တိုက်စစ်မှူး ကီဗင်နိုလန်။** (ဓာတ်ပုံ–အင်တာနက်)

**လန်ဒန် ဖေဖော်ဝါရီ ၁၃**

ဘော်လ်တန် ကွင်းလယ်ကစားသမား ကီဗင်နိုလန်သည် အသင်းမှ ထွက်ခွာရန်ရှိနေသည်ဆိုသော စကားများကို ချေဖျက်၍ ဘော်လ်တန်နှင့် စာချုပ်အသစ် ချုပ်ဆိုတော့မည် ဖြစ်ကြောင်း သိရသည်။

ဘော်လ်တန် မန်နေဂျာ ဆမ် အလာဒိုက်စ်ကလည်း ကီဗင်နိုလန် အနေဖြင့် အသင်းမှ ထွက်ခွာလိုလျှင် ထွက်ခွာနိုင်ကြောင်း ပြောကြားခဲ့သော်လည်း ယခုအခါ ဘော်လ်တန်အသင်းနှင့် စာချုပ်ထပ်မံချုပ်ဆိုတော့မည် ဖြစ်သည်။

### ပျော်ရွှင်ဝမ်းသာ

အသက်(၂၄)နှစ်အရွယ်ရှိ နိုလန်သည် ဘော်လ်တန်နှင့်အတူ ယခုအခါ ၂၀၀၉ခုနှစ်အထိ စာချုပ်ချုပ်ဆို ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ ဘော်လ်တန် ကလပ်ကလည်း စာချုပ်အသစ် ထပ်မံချုပ်ဆိုနိုင်ခြင်းကြောင့် အသင်းအတွက် ပျော်ရွှင်ဝမ်းသာရကြောင်း သတင်းထုတ်ပြန်သည်။

ကီဗင်နိုလန်သည် ပြီးခဲ့သော ဖူလ်ဟမ်နှင့်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်၌ ဘော်လ်တန်အတွက် တတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သဖြင့် ဘော်လ်တန် နည်းပြ ဆမ်အလာဒိုက်စ်က သဘောကျခဲ့သည်။ **(အင်တာနက်)**

## တောင်အာဖရိကနည်းပြ ပရဲရား တရားဝင် အလုပ်လုပ်ခွင့်ရရှိ

**စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ**

**ကိတ်တောင်း ဖေဖော်ဝါရီ ၁၃**

တောင်အာဖရိက နည်းပြသစ် ကာလို့စ်အယ်ဘာတိုပရဲရားသည်တောင် အာဖရိကနိုင်ငံတွင် နည်းပြအဖြစ် အလုပ်လုပ်ပိုင်ခွင့် ခွင့်ပြုချက် လက်မှတ်ကို ဖေဖော်ဝါရီ ၁၂ ရက်က တရားဝင် ရရှိခဲ့ပြီဖြစ်သည်။



**ကာလို့စ်အယ်ဘာတိုပရဲရား။** (ဓာတ်ပုံ–အင်တာနက်)

ဘရာဇီးအသင်းကို ကမ္ဘာ့ဖလား ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူ ပရဲရားသည် ယခင်က ခရီးသွားဗီဇာဖြင့် အာဖရိကဘောလုံးအဖွဲ့ချုပ် (ဆာဖာ) အတွက် နည်းပြတာဝန်ကို လုပ်ကိုင်ပေးနေခဲ့ပြီး ယခုအခါ တရားဝင် အလုပ်လုပ်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ပရဲရားသည် ယခုအခါ တောင်အာဖရိက ဘောလုံးအသင်း၏ ပမာဏ လက်ရွေးစင်ဘောလုံးသမား ၂၃ ဦးကို ဂျိုဟန်နစ္စဘတ်မြို့၌ လေ့ကျင့်မှုများ ပေးနေပြီဖြစ်သည်။

ယခုကဲ့သို့ တရားဝင်အလုပ်လုပ်ခွင့် ပါမစ်ခွင့်ပြုလိုက်သဖြင့် ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားအတွက် မိမိအစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်အာဖရိက အသင်းအောင်မြင်မှုရရှိအောင် ကြိုးစားပေးသွားမည်ဖြစ်ကြောင်း ကတိပြု ပြောကြားသည်။ **(အင်တာနက်)**

## မိုက်ကယ်အိုဝင် ဘောလုံးလေ့ကျင့်မှု ပြန်စ

လန်ဒန် ဖေဖော်ဝါရီ ၁၃

**ဒူးခေါင်းဒဏ်ရာရရှိခဲ့သဖြင့် လပေါင်းအတန်ကြာ အနားယူဆေးကုသမှုခံယူနေခဲ့ရသော အင်္ဂလန်တိုက်စစ်မှူးနှင့် နယူးကာဆယ် တိုက်စစ်မှူးဖြစ်သူ မိုက်ကယ်အိုဝင်သည် ယခုအခါ ဒဏ်ရာသက်သာလာပြီဖြစ်သဖြင့် နယူးကာဆယ် အသင်းနှင့်အတူ လေ့ကျင့်ခန်းများ ပြန်လည်ပြုလုပ်နေပြီဖြစ်သည်။**

**တိုက်စစ်မှူး မိုက်ကယ်အိုဝင်။** (ဓာတ်ပုံ–အင်တာနက်)



အသက်(၂၇)နှစ်အရွယ်ရှိ မိုက်ကယ် အိုဝင်သည် ပြီးခဲ့သည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ဒူးခေါင်း ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ပြီး ဘောလုံး ကစားခြင်းမှ လအတန်ကြာ အနားယူခဲ့ရသူလည်း ဖြစ်သည်။

### ပြောကြား

နယူးကာဆယ်နည်းပြ ဂလင်း ရိုဒါကလည်း အသင်းတိုက်စစ်အတွက် လိုအပ်နေသော မိုက်ကယ် အိုဝင် အမြန်ကစားနိုင်ရန် ဆန္ဒရှိနေသော်လည်း မည်သည့်အချိန်၌ ပြန်လည် ကစားနိုင်မည်ကို သေချာစွာ မပြောနိုင်သေးကြောင်း ၎င်းက ပြောကြားသည်။

ယခုအခါ မိုက်ကယ်အိုဝင်သည် နယူးကာဆယ်အသင်းနှင့်အတူ လေ့ကျင့်ခန်းများ ပြုလုပ်လျက်ရှိသော်လည်း အပေါ့စားလေ့ကျင့်ခန်းများသာ ပြုလုပ်နေခြင်း ဖြစ်သည်။ **(အင်တာနက်)**

## စစ်ကိုင်း မဟာသုဓောဓာရုံဆရာတော်ကြီးအား ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ကျေးဇူးတော်ရှင် ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက စစ်ကိုင်းမြို့မဟာသုဓောဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တနာဒရအားပူဇော်ပွဲကို ရောဝတီတိုင်းကျောင်းကုန်းမြို့ ဒက္ခိဏာရာမ(ရွှေကျင်)ပရိယတ္တိစာသင်တိုက်တွင် တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများက ၁၃၆၈ခုနှစ် တပေါင်းလဆန်း၁၂ရက် နံနက်၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများကလည်း ကြွရောက်ပူဇော်နိုင်ကြောင်းနှင့် ပူဇော်ပွဲအကြိုညချမ်း ဂုဏပူဇာဓမ္မသဘင်အဖြစ် တပေါင်းလဆန်း ၁၁ရက် ည ၇နာရီခွဲတွင်လည်း အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဟု သိရသည်။

(၂၆၅)

**ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရွှေတောင်တိုက်သစ် စာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၀၀၅-၂၀၀၆ပညာသင်နှစ် ဆရာကန်တော့ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၈ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းက ထူးချွန်ဆုရ ရှင်သာမဏေတစ်ပါးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(၁၂၉)

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်၆၀၈နေ
(ဦးကျင်ကော-ဒေါ်စွတီ)နှင့် (ဦးပြုံးချို)-ဒေါ်ရီတို့၏မြေး
[ဦးမြင့်သိန်း(ခ)ကျွမ်ဘွန်ဘိန်း]-ဒေါ်လွင်မာခိုင်(Top Point Trading Co.,Ltd.)တို့၏
သားထွေး
မောင်ဇော်ဝင်းမိုး-မခင်ဆွေထွေးတို့၏ညီ

**မောင်ကျော်ခိုင်ထွန်း**

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊ အမှတ်၁၇နေ
ဦးစစ်ဝှါ(ခ)ဦးမောင်မောင် (Managing Director) Myanmar Ngwe La Yaung Industries.,Ltd.၏- ဒေါ်ခင်မေလွင်(ခ)Carol တို့၏ သမီးကြီး

**မဝါဝါလွင် B.A(Eco)**

တို့၏ ၁-၂-၂၀၀၇ရက်(ကြာသပတေးနေ့) Traders Hotel (Bagan Hall)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးသန်းအောင်နှင့်ဇနီး ဒေါ်စန်းစန်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးသော ဦးတင်ဝ (ပါမောက္ခ၊ ဓာတုဗေဒဌာန)နှင့်ဇနီး ဒေါက်တာ ဒေါ်နုနုခင်(ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့အားလည်းကောင်း၊ ၁၃-၂-၂၀၀၇ရက် Traders Hotel(Myanmar Ballroom)တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စုဘိတောင်ဘုရားကျောင်းမှ ဥက္ကဋ္ဌနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ပိုးဆုတောင်းဘုရားကျောင်းမှဥက္ကဋ္ဌနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ မိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မိတ်ဆွေများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော မလှဲ့လှဲ့ဝင်း၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ညီမလေး မစန္ဒာလွင်၊ စိန်ရတနာများမေတ္တာဖြင့် ဆင်မြန်းပေးသော ဦးမြင့်ဦးနိုင်-ဒေါ်ချိုချိုမြင့်(Diamond Crown)စိန်ရွှေရတနာမိသားစု၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ လက်ကိုင်ပန်းအလှဆင်ပေးသော မိတ်ကပ်လင်းလင်း၊ မင်္ဂလာမှတ်တမ်းတင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Traders Hotel မှမန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း၊ ၁၃-၂-၂၀၀၇ရက် Traders Hotel(Myanmar Ballroom)၌ကျင်းပသော မင်္ဂလာညစာစားပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ မိတ်ဆွေများ၊ သူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ခိုင်ထွန်း-မဝါဝါလွင်။**

## တိုက်ဂါး-မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ဂေါက်ကလပ်၌ဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd.က အဓိကကူညီပံ့ပိုးသော ၂၀၀၇ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ (Tiger Myanmar Amateur Open 2007) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ်၌ကျင်းပရာ နေဗလဝင်းမြင့်က ဖွင့်ပွဲနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသည်။

**စတင်ကျင်းပ**

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများသည် တီခုံအမှတ်(၁)(TEE-1)၌ နေရာယူကြပြီး၊ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် Mr. Peter Ong(General Manager of Myanmar Brewery Ltd.)တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့(၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။



**၂၀၀၇ခုနှစ် တိုက်ဂါး-မြန်မာအပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် MPGAနှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။** (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ပထမနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် နေဗလဝင်းမြင့်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး အချက်၇၀ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ရန်မျိုးအေးက ၇၂ချက်ဖြင့် ဒုတိယလိုက်ပြီး ဌေးအောင်ဌေးနှင့် အောင်ဝင်းတို့က ၇၄ချက်စီဖြင့် တတိယလိုက်နေကြသည်။

**တာဝန်ယူဆောင်ရွက်**

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd. ဖြစ်၍ Co. Sponsors များအဖြစ် Alpine Purified Drinking Water, Srixon, Point Golf Gear Factory, Air Mandalay, OSIM နှင့် Accel International Co., Ltd.(Canon)တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် (Organized by Han Event Management)က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ၁၄ရက်**(ယနေ့)** နံနက် ၇နာရီခွဲတွင် ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## စာအောင်သံဃာတော်များ ချီးကျူးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

တိပိဋကဓမ္မရက္ခိတအဖွဲ့၏ ထောက်ပံ့ပူဇော်မှုကို ခံယူတော်မူပြီး (၅၉)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုရာတွင် တိပိဋကဓရ တစ်ပါး၊ မူလအာဘိဓမ္မိက တစ်ပါး၊ ဒီဃနိကာယကောဝိဒ သုံးပါး၊ ဒီဃဘာဏကတစ်ပါး၊ ဝိနယကောဝိဒနှစ်ပါး၊ ဝိနယဓရ ရှစ်ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ငါးပါး၊ ဥဘတောဝိဘင်္ဂဓရ ၂၉ပါး စုစုပေါင်း အပါး ၅၀ အောင်မြင်တော်မူကြသည်။

စစ်ကိုင်းမြို့ မဟာသုဓောဓာရုံကျောင်းတိုက်မှ အရှင်အဘိဇာတာဘိဝံသအရှင်သူမြတ်သည်ပိဋကတ်သုံးပုံကို အပြီးတိုင် အာဂုံပြန်ဆိုအောင်မြင်တော်မူ၍ တိပိဋကဓရဘွဲ့တံဆိပ်တော်ကို ကနက္ကဒဏ်ထီးဖြူတော် သုံးလက်နှင့်အတူ ခံယူ ရရှိတော်မူမည်ဖြစ်သည်။

အဆိုပါ စာအောင်သံဃာအပါး ၅၀ တို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပရန် တိပိဋကဓမ္မရက္ခိတအဖွဲ့ ဇဟိုအကျိုးတော်ဆောင်များက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(က-ပ)

**တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း ကြီးကြပ်မှုဖြင့် သမိန်ဗရမ်းလမ်းတစ်လျှောက် ရေနုတ်မြောင်းများ ရေစီး ရေလာကောင်းမွန် စေရေးအတွက် ဖေဖော်ဝါရီ၃ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ရင်းတို့မှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။** (က-ပ)



## အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းပေါက်ကွဲသဖြင့် ကရင်ပြည်နယ် သံတောင်မြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦးထိခိုက်ဒဏ်ရာရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

**ထိခိုက်ဒဏ်ရာရရှိ**

ကရင်ပြည်နယ် သံတောင်မြို့နယ်၌ ဖေဖော်ဝါရီ ၁၂ရက်တွင် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၂နာရီက ကရင်ပြည်နယ် သံတောင်မြို့နယ် သပြေညွန့်ကျေးရွာနေ ဖိုးသာထူး(၃၂)နှစ်သည် တောထဲသို့ ဝါးခုတ်သွားစဉ် သံတောင်မြို့နယ် ဇင်းတိုင်ကျေးရွာအနီး၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိသဖြင့် ဝဲခြေဖမိုး ပြတ်တောက်ဒဏ်ရာရရှိခဲ့သည်။

**စုံစမ်းဖော်ထုတ်**

ဒဏ်ရာရရှိသူ ဖိုးသာထူးအား တောင်ငူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ယခုကဲ့သို့ အများပြည်သူသွားလာလုပ်ရှားတတ်သည့် နေရာများတွင် မိုင်းထောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား တာဝန်ရှိသူများက ပြည်သူလူထုနှင့်ပူးပေါင်း၍ ဖမ်းဆီးအရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


**ကျေးဇူးဆပ်ပါမည်**
ကျွန်တော်စောမြင့်ဦး၏ နိုင်ငံကူးလက်မှတ် အမှတ် ၁၈၃၅၉၈ သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၇၂၃၂၂၇။

**ကျေးဇူးဆပ်ပါမည်**
ကျွန်တော် မနလ စာအုပ်အမှတ်-၆၁၆၂၁၀ ပျောက်ဆုံးသွားပါသောကြောင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **မောင်ဇင်အောင်မြင့်**
**ဖုန်း-၂၉၆၁၂၇။**

**ကျေးဇူးဆပ်ပါမည်**
ကျွန်တော်၏ နိုင်ငံကူးလက်မှတ် ၄၂၄၄၉၈ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည် ပေးပို့သူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ **နိုင်ထူးမောင်**
**ဖုန်း-၀၉-၈၀ ၂၅၁၇၉။**


## မိုင်းဖြတ်ရှုခင်းသာ၌ အုတ်ရေကန်တည်ဆောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့စည်ပင်သာယာရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ရက်က အမှုဆောင် အရာရှိ ဦးကိုကိုနှင့် အငယ်တန်း အင်/ယာ(၂) ဦးလှမျိုးတို့ ရှုခင်းသာ အုတ်ရေကန်တည်ဆောက်နေမှုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**





# မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲပြင်ဆင် ကန်တော်ကြီးသာယာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများ လိုက်ပါလျက် ဇန်နဝါရီ ၂၆ရက် နံနက် ၈နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးမြောက်ခြမ်း သာယာလှပရေး လုပ်ငန်း၊ ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ်တွင် ကျင်းပမည့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပဉ္စမအကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် ကန်တော်ကြီးဒေသ အဆင့်မြင့်စားသောက်ဆိုင် ဆောက်လုပ်နေမှု လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ကန်တော်ကြီးမြောက်ခြမ်း သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကန်တော်ကြီးဒေသရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံကိန်းနယ်မြေအတွင်း ကြည့်ရှုစစ်ဆေးရာ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာန ဌာနမှူး ဦးခင်မောင်ဇင်က ကန်တော်ကြီးမြောက်ခြမ်း သာယာလှပရေးအတွက် ဆောင်ရွက်ရန် မြေအကျယ်အဝန်း၊မြေအနေအထားနှင့် ဧရိယာနယ်မြေတို့ကိုလည်းကောင်း၊ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူး ဦးသိန်းဌေးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးအတွက်သစ်ပင်များ၊ အရိပ်ရပင်များ တစ်အုပ်တစ်မစိုက်ပျိုးရေး၊ မျက်စိပသာဒ အလှပင်များ၊ ရောင်စုံပန်းအလှပင်များ စိုက်ပျိုးရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်က ကန်တော်ကြီးမြောက်ခြမ်း သာယာလှပရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြေအနေအထားနှင့် အကျယ်အဝန်းတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်တွင် ကျင်းပမည့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပဉ္စမအကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲအတွက် ပြခန်းများတည်ဆောက်ခြင်းလုပ်ငန်း၊ ရောင်စုံပန်း အလှပင်များ စိုက်ပျိုးပြီးစီးမှု၊ မြေခင်းအလှဆင်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဌာနခွဲမှူး ဦးဝင်းမောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ကန်တော်ကြီးဒေသ အဆင့်မြင့်စားသောက်ဆိုင် တည်ဆောက်လျက်ရှိသည့် လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျေးလက်ဆေးပေးခန်း အဆောက်အအုံသစ်ဖွင့် ဆေးပစ္စည်းနှင့် ဆေးပဒေသာပင်စိုက်ထူ

မင်းကင်း ဇန်နဝါရီ ၃၀

ကလေးခရိုင် မင်းကင်းမြို့နယ် ကြွေကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း အဆောက်အအုံသစ် ဖွင့်ပွဲနှင့် ဆေးပဒေသာပင် စိုက်ထူပွဲကို ဇန်နဝါရီ ၂၀ရက်မွန်းလွဲ၁နာရီက အဆိုပါ အဆောက်အအုံတွင် ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးမြင့်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ် ကျန်းမာရေး ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးဇော်လွင်က အသင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြွေကျေးလက်ဆေးပေးခန်းသို့ ဆေးပစ္စည်းများ လှူဒါန်းရာ ကြွေကျေးလက် ကျန်းမာရေးဌာနကျန်းမာရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ အလှူရှင် ရှစ်ဦးက ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆောက်လုပ်ရေး ကော်မတီ ဦးခင်မောင်တိုးက လက်ခံရယူသည်။ (မြို့နယ် ပြန်/ဆက်)



ခင်ဦးမြို့ သာယာလှပရေးနှင့် ရာသီအလိုက် ပန်းအလှပင်များ စိုက်ပျိုးနိုင်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်များ ပြုစုပျိုးထောင်ခြင်းကို ဇန်နဝါရီ ၁၇ရက်က ဒုတိယဦးစီးမှူး(အခွန်) ဦးထွန်းထွန်းလတ်နှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးချစ်ငွေက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းလုပ်ငန်းဖြစ်သော ပဲကောက်–ကံသာကျေးရွာဆက်လမ်း ကျောက်ချောခင်းခြင်းကို အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# ဇီးဖြူခင်–ဇီးဖြူသောင် မြေသားလမ်းဖောက်လုပ်

**ထန်းတပင် ဇန်နဝါရီ ၂၀**

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်သည် ဇန်နဝါရီ ၅ရက်က ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဇီးဖြူခင်–ဇီးဖြူသောင် မြေသားလမ်းအရှည်ပေ ၂၀၀၀၊ အကျယ် ၁၈ပေ ဖောက်လုပ် ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**



# ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကြီးမှူး ဝန်ထမ်းများ လုပ်ငန်းခွင်အရည်အချင်းမြှင့်တင်ရေး သင်တန်းဆင်း

**ဟင်္သာတ ဇန်နဝါရီ ၂၈**

ဟင်္သာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ခြောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ လုပ်ငန်းခွင် အရည်အချင်းမြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂/၂၀၀၆) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၈ရက် နံနက်၈နာရီက ဟင်္သာတမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမတွင် ကျင်းပသည်။

## ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးကြည်တင်က စာကြည့်တိုက်များမှ လူသားအရင်းအမြစ် ဖွံ့ဖြိုးရရှိလာပုံကို လည်းကောင်း **(အပေါ်ပုံ)**၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(တိုင်းရုံး)လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက သင်တန်းသားဝန်ထမ်းများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်သည့် ပထမဆုရ ဟင်္သာတမြို့နယ်မှ ဒေါ်အေးအေးမာ(ရုပ်/သံ–၃)၊ ဒုတိယဆုရ ဇလွန်မြို့နယ်မှ ဦးဖေဇော်ထွန်း(လုပ်သားရုပ်/သံ)၊ တတိယဆုရ ဇလွန်မြို့နယ်မှ ဦးငွေသန်း (ဓာတ်ပုံကျွမ်းကျင်–၂) တို့အား လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက လည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းဆရာများအတွက် လက်ဆောင်ပစ္စည်းများကို ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီနှင့် ဦးစီးမှူး ဦးမောင်မောင်ညွှန့်တို့က ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများ ရေးဆွဲပြသထားသည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များကို တက်ရောက်လာသူများက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

# ရေစကြိုသံဃနာယကအဖွဲ့ လစ်လပ်နေရာ အစားထိုးရွေးချယ်

**ရေစကြို ဇန်နဝါရီ ၂၈**

ရေစကြိုမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ဝင် လစ်လပ်သုံးနေရာ အစားထိုး ရွေးချယ်ပွဲကို ဇန်နဝါရီ ၂၁ရက်က ရေစကြိုမြို့နယ် ဝန်မင်းကြီး တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် တိုင်းသံဃ နာယကအဖွဲ့ဝင် မဟာဝိသုတာရာမ အလယ်တိုက် ပခုက္ကူဘဒ္ဒန္တသောဘဏက ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လစ်လပ်သုံးနေရာအတွက် ကြွရောက်တော်မူလာကြသောသံဃာတော်အရှင်သူမြတ်များကဘဒ္ဒန္တကုသလ (ခုနစ်ပင်ကျောင်း)၊ ဘဒ္ဒန္တပညာသာမိ (မိုးကောင်းကျောင်း)နှင့်ဘဒ္ဒန္တဥတ္တမ (နဂါးရုံ အရှေ့ကျောင်း) တို့အား အစားထိုး ရွေးချယ်ပေးကြသည်။ (၂၅၁)

**မြစ်ကြီးနားမြို့ ပလန(၂) ကံ့ကော် မြိုင်ကျေးရွာနှင့် ပလန(၅) သဇင်မြိုင် ကျေးရွာချင်းဆက်လမ်းကိုအငယ်တန်းအင်ဂျင်နီယာ(၂) ဦးဖြိုးဝေလင်း ကြီးကြပ်သော အဖွဲ့ဝန်ထမ်းများ ဂဝံကျောက်ခင်းလမ်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၀ရက်က မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုး ကွင်းဆင်း စစ်ဆေးစဉ်။**
(မြို့နယ်စည်ပင်)





# သာသနာ ၂၅၀၀စေတီ ထီးတော်သစ်တင်လှူ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**မွန်ပြည်နယ် မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်ရှိ သာသနာ၂၅၀၀ စေတီတော်မြတ်ကြီး၏ သက်တမ်းနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ထီးတော်သစ်တင်လှူပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက် ၈နာရီခွဲက အဆိုပါ သာသနာ၂၅၀၀ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ကျင်းပသည်။** (အပေါ်ပုံ)

ထီးတော်သစ်တင်လှူပွဲ အခမ်းအနားသို့ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်ရှိ နာယက ဆရာတော်များ၊ ထီးတော်သစ်တင်လှူပွဲ ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင် ပြည်သူများ တက်ရောက်ကြသည်။

**ရွှာသွန်းပေး**

ရှေးဦးစွာ ကြွရောက်တော်မူလာကြသည့် နာယက ဆရာတော်ထံမှ ပရိတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ထီးတော်သစ်ကို တင်လှူပူဇော်ကြသည်။ ယင်းနောက် ထီးတော်သစ်တင်လှူပွဲ ကျင်းပရေးကော်မတီက ရွှေမိုးငွေမိုးများ ရွာသွန်းပေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## (၈၅)ကြိမ်မြောက် သွေးလှူဒါန်း



**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

တပ်ခွဲ တပ်ကြပ်ကြီး ချစ်တင် (လူမှုထူးချွန်–ပထမဆင့်) တပ်မတော်(ရေ) **(အပေါ်ပုံ)** သည် ဖေဖော်ဝါရီ ၂ရက်က ရန်ကုန် အမျိုးသားသွေးလှူဌာနတွင် (၈၅) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

**နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် တိုင်းရင်းသားပန်းခြံ အတွင်းရှိ တိုင်းရင်းသားရုပ်တုများကို ဖေဖော်ဝါရီ ၅ ရက်က အမှုဆောင်အရာရှိ ဦးကြည်သန်း ဦးဆောင်၍ ဝန်ထမ်းများဖြင့် ပြင်ဆင်မွမ်းမံစဉ်။**

(မြို့နယ် စည်ပင်)



ရန်ကင်း ပြည်သာယာ(ကျိုက္ကဆံ ILBC တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ် ဆေးခန်းအတွက် ဗဟန်း အနောက်ရွှေဂုံတိုင် ၅လမ်းနေ မိခင် ဒေါ်ညွန့်ရီ အမှူးထား၍ ကိုနေထွန်း–မစမ်းစမ်းလင်း မိသားစုက မစမ်းစမ်းလင်း၏ နှစ်(၄၀)မြောက် မွေးနေ့အတွက် အလှူငွေကျပ် နှစ်သိန်းကို လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)



# မြို့နယ်သတင်းများ

ပဲခူးတိုင်း ညောင်လေးပင်မြို့ ဗိုလ်မင်းရောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၄ရက် ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမင်းနှင့် အမှုဆောင်အရာရှိ ဦးတင်ဌေးတို့ ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လှိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



# နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြု မိတ္ထီလာ မကျီးကုန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၀**

နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးခဲ့သည့် မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက် မကျီးကုန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် နံနက် ၈နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ဌေး၊ မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါလမ်းသည် လမ်းအရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ပေကို ငွေကျပ် ၆၉၉၀၀၀၀ ဖြင့် အကုန်အကျခံ၍ မန္တလေး–ကျောက်ပန်းတောင်း အဝေးပြေးလမ်းမကြီးနှင့် တိုက်ရိုက်ဆက်သွယ်ထားသည်။ **(ခရိုင် ပြန်/ဆက်)**

# အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေး တိုးချဲ့ဆောင်ရွက်ရန် အသိပညာပေး

**ကျွန်းလှ ဇန်နဝါရီ ၃၀**

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ကျန်းမာရေးကော်မတီ၏ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်းတိုးချဲ့ဆောင်ရွက်ခြင်း အသိပေး ရှင်းလင်းပွဲကို ဇန်နဝါရီ ၁၅ရက်က ကျွန်းလှမြို့ စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးအေးနိုင်က အမှာစကားပြောကြားပြီး တီဘီရောဂါ တိုက်ဖျက်ရေး တာဝန်ခံဆရာမ ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်ထွေးတို့က တီဘီရောဂါ အကြောင်း သိကောင်းစရာများ ဟောပြောကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**ပဲခူးတိုင်း (အနောက်ပိုင်း) အုတ်ဖိုမြို့ မြို့မဈေး မီးဘေး ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပရာ အမှုဆောင်အရာရှိက ကြီးကြပ်၍ ဒုတိယ ဦးစီးမှူး (အခွန်) နှင့် ဈေးဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေး အရန်မီးသတ် တပ်ဖွဲ့ဝင်များ စုပေါင်း သရုပ်ပြသကြစဉ်။** (၀၇၄)



# ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# မန်တုံမြို့ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကြီးမှူး ကျပန်းစကားပြောပြိုင်၊ ဆုရသူများ ဆုချီးမြှင့်

မန်တုံ ဖေဖော်ဝါရီ ၅

**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့အထကကျောင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့အကြို ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၆ရက် နံနက် ၁၀ နာရီက ကျင်းပသည်။**

အခမ်းအနားတွင် ပလောင်တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်း၊ မန်တုံမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်နန်းမော်ခမ်း၊ အထကကျောင်းအုပ်ဆရာကြီး ဦးချစ်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၁ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး **(အောက်ပုံ)** ပထမဆုရ မိုင်းညီမျိုးသန့်၊ ဒုတိယဆုရ မစန်းစန်းသင့်၊ တတိယဆုရ ထွေးမိုးမိုးအောင် တို့အား အသင်းအတွင်းရေးမှူး ဒေါ်နန်းမော်ခမ်းက ဆုများပေးအပ်ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**



# မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အကျဉ်းသားများအား အိမ်သုံးဆေးဝါးနှင့် စားသောက်ဖွယ်လှူဒါန်း

**မုံရွာ ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ခရိုင်အတွင်းရှိ ရှစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ စုပေါင်း၍ မုံရွာအကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများအား ငွေကျပ် ၁၁၇၀၀၀ တန်ဖိုးရှိ အိမ်သုံးဆေးဝါးများ၊ စားသောက်ဖွယ်ရာများ၊ ဘာသာရေးစာအုပ်များ ပေးအပ်လှူဒါန်းခြင်းနှင့် နှစ်သိမ့်ဆွေးနွေး ပညာပေးဟောပြောခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် မွန်းတည့် ၁၂ နာရီက မုံရွာအကျဉ်းထောင်အတွင်း၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် မုံရွာခရိုင်နှင့် ရှစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ စုပေါင်းလှူဒါန်းသော အိမ်သုံးဆေးဝါးများ၊ စားသောက်ဖွယ်ရာများ၊ ဘာသာရေးစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

**ကူညီဆောင်ရွက်**

ဆက်လက်ပြီး ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကံညွန့်က အကျဉ်းသားများအား နှစ်သိမ့်ဆွေးနွေး ပညာပေးဟောပြောပြီး ခရိုင်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့က မုံရွာအကျဉ်းထောင်အတွင်းရှိ အိပ်ဆောင်၊ ရေချိုးကန်၊ ရေလောင်းအိမ်သာ၊ စားဖိုဆောင်များသို့ ဝင်ရောက်လေ့လာကြည့်ရှုကာ မိသားစုနှင့် ဆက်သွယ်ရန်ခက်ခဲသော အကျဉ်းသားများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသည်။

**(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

# ပြည်တွင်းပြည်ပ ပယောဂနှင့် အနှောင့်အယှက်အဖျက်အဆီးအမျိုးမျိုးကြားမှ ကရင်တိုင်းရင်းသားများ၏ ဆန္ဒနှင့်အညီ ငြိမ်းချမ်းရေးရယူတည်ဆောက်ခဲ့ကြပြီ

## KNU / KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဌေးမောင်ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များနှင့်မိသားစုများအား တပ်မတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆို

## ငြိမ်းချမ်းရေးရယူရန် ကျန်နေသေးသည့်တပ်ဖွဲ့ဝင်များကိုလည်း အစဉ်လက်ကမ်းကြိုဆို ဖိတ်ခေါ်လျက်ရှိ

* ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားများသည် ရှေးပဝေသဏီကပင် နေရာတိုင်း၊ ဒေသတိုင်း၌ အေးချမ်းစွာ အတူတကွ နေထိုင်လာခဲ့ကြ။
* သူ့ကျွန်ဘဝတွင် သွေးခွဲအုပ်ချုပ်ခြင်းခံခဲ့ရသဖြင့် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ဆန့်ကျင်မှု အများအပြား ပေါ်ပေါက်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့။
* မြန်မာနိုင်ငံ၏သမိုင်းကြောင်းကိုကြည့်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကောင်းမွန်ချိန်၌ နိုင်ငံတော်အင်အား တောင့်တင်းခဲ့ပြီး စည်းလုံးညီညွတ်မှုပြိုကွဲချိန်၌ နိုင်ငံတော်အင်အားချည့်နဲ့မှုကြောင့် တိုင်းရင်းသားများ ညှိုးငယ်ခဲ့ရ။ စာမျက်နှာ ၅ ကော်လံ ၁

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တပ်မတော်တို့၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို နားလည်ယုံကြည်လက်ခံပြီး ပါဝင်ပူးပေါင်းလက်တွဲဆောင်ရွက်လာသော ကရင်အမျိုးသားအစည်းအရုံး(KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲကြိုဆိုသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ စာမျက်နှာ ၅ ကော်လံ ၄

## အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာ့ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကြိုးပမ်းမှုကို ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံချစ်ခင်သူများက မခံမရပ်နိုင်ဖြစ်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချ

## ဒီမိုကရေစီသည် ပြည်ပပို့ကုန်မဟုတ်၊ လုံခြုံရေးကောင်စီကို ရုပ်သေးရုပ်လိုအသုံးမချနဲ့စသည့် ကြွေးကြော်သံပိုစတာများကိုင်ဆောင်ပြီး တိုကျိုမြို့ရှိ အမေရိကန်နှင့် ဗြိတိန်သံရုံးရှေ့၌ ဆန္ဒပြခဲ့ကြ

## အမေရိကန်နှင့် ဗြိတိန်တို့အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းမှုထပ်မံမပြုလုပ်ရန် တောင်းဆိုသည့်စာများကိုလည်း အဆိုပါသံရုံးအသီးသီးသို့ ပေးအပ်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံချစ်ခင်သူများအသင်းက မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်(Resolution)ချမှတ်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် အဆိုပြုချက်မူကြမ်း တင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သော မသမာသည့်လုပ်ရပ်ကို မခံမရပ်နိုင်ဖြစ်ကြပြီး အမှန်တရားဘက်မှ ရပ်တည်ကာ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်**(ယနေ့)** မွန်းလွဲ ၂နာရီခွဲအချိန်တွင် တိုကျိုမြို့ရှိ ဗြိတိန်သံရုံးရှေ့၌လည်းကောင်း၊ ညနေ ၃ နာရီခွဲအချိန်တွင် တိုကျိုမြို့ရှိ အမေရိကန်သံရုံးရှေ့၌လည်းကောင်း ဆန့်ကျင်ကန့်ကွက် ဆန္ဒပြခဲ့ကြကြောင်း သတင်းရရှိသည်။

ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံချစ်ခင်သူများအသင်းမှ အသင်းဝင် ၂၅ ဦးတို့သည် ဂျပန်ရဲဌာန၏ လုံခြုံရေးအစီအစဉ်ခွင့်ပြုချက်အရ အဖွဲ့ငယ်များခွဲ၍ အမေရိကန်အစိုးရနှင့် ဗြိတိန် အစိုးရတို့၏ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကြိုးပမ်းသည့်လုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်ကြောင်း ပိုစတာများ ကိုင်ဆောင်ပြီး ဆန္ဒပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၉ ကော်လံ ၅




ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံချစ်ခင်သူများအသင်းက တိုကျိုမြို့ရှိ အမေရိကန်သံရုံးရှေ့၌ ကြွေးကြော်သံပိုစတာများကိုင်ပြီး ဆန့်ကျင်ကန့်ကွက် ဆန္ဒပြနေကြစဉ်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်နှင့် သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်တို့က ပူးတွဲကြေညာချက်ထုတ်ပြန်

### မြန်မာနိုင်ငံအတွင်း ဘာသာရေးလွတ်လပ်ခွင့်များ အပြည့်အဝခွင့်ပြုထား CSW အဖွဲ့၏ မဟုတ်မမှန်လုပ်ကြံစွပ်စွဲထားသော အစီရင်ခံစာအား လုံးဝလက်မခံ ပြည်တွင်းအေးချမ်းသာယာမှုကို ဝင်ရောက်ဖျက်ဆီးခြင်းဖြစ်၍ ကန့်ကွက်ရှုတ်ချ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ် ကြိုးကိုင်နိုင်ရေးအတွက် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သည့်အကြောင်းပြစွပ်စွဲချက်များကို လုပ်ကြံဖန်တီး ထုတ်လွှင့်လျက်ရှိသည်။

ဗြိတိန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန် စည်းလုံးညီညွတ်ရေးအဖွဲ့(Christian Solidarity Worldwide CSW) ကလည်း ၂၃-၁-၂၀၀၇ ရက်စွဲဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့သည်။

အဆိုပါ CSW အဖွဲ့၏ အစီရင်ခံစာနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်နှင့် သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်တို့က အောက်ပါအတိုင်း ပူးတွဲကြေညာချက်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချခဲ့ကြသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် CSW အဖွဲ့၏ အစီရင်ခံစာကို ဟိန္ဒူဘာသာဝင်အားလုံးကို ကိုယ်စားပြုဖွဲ့စည်းထားသော မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်နှင့် ဟိန္ဒူအမျိုးဘာသာ၊ သာသနာ၊ လူမှုရေးနှင့် ယဉ်ကျေးမှုတည့်ပြန့်ပွားအောင် ဟိန္ဒူရှေးဓမ္မများကို အခြေခံထားပြီး လူသားတိုင်းဘဝသာယာရေးအတွက် ကျင့်ကြံအားထုတ်နိုင်ရန် ဆောင်ရွက်လျက်ရှိသော သနာတနဓမ္မပါလကဟိန္ဒူအဖွဲ့ချုပ်တို့က

### ကန့်ကွက်ရှုတ်ချကြောင်း ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံအတွင်း ကိုးကွယ်ကြသော ဘာသာကြီးလေးခုအနက် ဟိန္ဒူဘာသာဝင်ပြည်သူများအား ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာများနည်းတူ ဘာသာရေးလွတ်လပ်ခွင့်များကို အပြည့်အဝခွင့်ပြုပေးထားပြီး ဖြစ်ပါသည်။ ဟိန္ဒူဘာသာဝင်များ၏ ၁၂ လရာသီပွဲတော်များအားလုံး လွတ်လပ်စွာ ကျင်းပခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်များအပြင် ဒေသဆိုင်ရာ ဟိန္ဒူဘုရားကျောင်းများ ပြုပြင်ထိန်းသိမ်းတည်ဆောက်ခွင့်ကိုလည်း လွတ်လပ်စွာ ခွင့်ပြုခဲ့ပါသည်။ ဟိန္ဒူဗဟိုအဖွဲ့ချုပ်သို့ နှစ်စဉ်ထောက်ပံ့ကြေး ရန်ပုံငွေတစ်ရပ်ကိုလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနမှ နှစ်စဉ်ထောက်ပံ့လျက်ရှိပါသည်။ စာမျက်နှာ ၉ ကော်လံ ၅